# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၇ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၄)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး<br>* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး<br>* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## အသုတ် - ကန်ကြီးထောင့် ၆၆ ကေဗွီဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၃) တည်ဆောက်လျက်ရှိ

### ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဧရာဝတီတိုင်းဒေသကြီး ၂၃၀ ကေဗွီ အသုတ်ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ၂၃၀ ကေဗွီ အသုတ်ပင်မဓာတ်အားခွဲရုံ Control Room ၌ ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးထားရှိမှုနှင့် Switch Yard အတွင်းရှိ ဓာတ်အားလိုင်းများ အဝင်၊ အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှု၊ Capacitor Bank တပ်ဆင်ရန်အတွက် ပစ္စည်းများရောက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အသုတ်-ကန်ကြီးထောင့် ၆၆ ကေဗွီဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၃) တည်ဆောက်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း၊ (၂၃၀/၆၆/၁၁)ကေဗွီ (၁၀၀)အမ်ဗွီအေ ပုသိမ်ပင်မဓာတ်အားခွဲရုံအသစ် တည်ဆောက်မည့်နေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မိုးရွာသွန်းမှုများ ၆-၅-၂၀၁၁

| | | | |
|---|---|---|---|
| မအူပင်မြို့ | ၅ ဒသမ | ၃၉ | လက်မ |
| ပုသိမ်ကြီးမြို့ | ၃ ဒသမ | ၇၂ | လက်မ |
| အမရပူရမြို့ | ၃ ဒသမ | ၆၄ | လက်မ |
| မတ္တရာမြို့ | ၃ ဒသမ | ၅၄ | လက်မ |
| သိမ်ဖြူ(?)မြို့ | ၂ ဒသမ | ၅၆ | လက်မ |
| စစ်တွေမြို့ | ၂ ဒသမ | ၅၁ | လက်မ |
| ရွှေစာရံမြို့ | ၂ ဒသမ | ၄၅ | လက်မ |
| ပြင်ဦးလွင်မြို့ | ၂ ဒသမ | ၂၀ | လက်မ |
| မန္တလေးမြို့ | ၂ ဒသမ | ၂၀ | လက်မ |
| စစ်ကိုင်းမြို့ | ၂ ဒသမ | ၁၇ | လက်မ |
| မောင်တောမြို့ | ၁ ဒသမ | ၉၃ | လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၁ ဒသမ | ၇၇ | လက်မ |

## ၂၀၁၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ကျွန်းနှင့် သစ်မာများ နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးကြမည်

➤ သတင်းဆောင်းပါး - မြင့်မောင်စိုး
➤ ဓာတ်ပုံ - တင်မောင်လွင်

နေပြည်တော် မေ ၆

ယခု ၂၀၁၁ ခုနှစ်သည် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် (International Year of Forests) ဖြစ်ကြောင်း ကုလသမဂ္ဂက ကြေညာထားသည်။ သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်ရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးရေးအတွက် သတိမူဆောင်ရွက်ရန် ဖြစ်သည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ကျွန်းပျိုးခင်းကို ဤသို့ တွေ့ရသည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော သစ်မာ(ယူကလစ်)ပျိုးခင်းကို ဤသို့ တွေ့ရသည်။

### စိုက်ပျိုး

မြန်မာနိုင်ငံ၌ နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လများကို သစ်ပင်စိုက်ပျိုးရေးလများအဖြစ် သတ်မှတ်ပြီး သစ်ပင်များကို အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးလျက်ရှိသည်။ လွန်ခဲ့သည့်နှစ်များကစတင်ပြီး တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာအပင် ၂၀ စိုက်ပျိုးခြင်း၊ စီးပွားဖြစ် ကျွန်းစိုက်ခင်းများ ထူထောင်ခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်း စသည့်စီမံချက်များဖြင့် သစ်ပင်များ စိုက်ပျိုးလျက်ရှိသည်။

### တွေ့ဆုံမေးမြန်း

ယခုနှစ်သည် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ဖြစ်သည်နှင့်အညီ လာမည့် မိုးရာသီတွင်လည်း သစ်ပင်များ စိုက်ပျိုးကြမည်ဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့သည် သစ်ပင်များ ပျိုးထောင်စိုက်ပျိုးလျက်ရှိသည့် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနသို့ သွားရောက်ကာ ဦးစီးအရာရှိ ဦးဆန်းမြင့်ထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၇ ရက်)

# မူးယစ်ဆေးဝါးအန္တရာယ် ဝိုင်းဝန်းကာကွယ်

မြန်မာနိုင်ငံသည် ဘိန်းအပါအဝင် မူးယစ်ဆေးဝါးများစိုက်ပျိုးခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်း လျော့ပါးပပျောက်စေရေးအတွက် ဘိန်းအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု၏ ဆိုးကျိုးကို လူငယ်လူရွယ်များ သိရှိနိုင်ရေးအတွက် ပညာပေးပြပွဲများ၊ ဟောပြောပွဲများ ပြုလုပ်၍ လမ်းမှားမရောက်ရှိစေရေးကို စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ယနေ့ လူငယ်များသည် အနာဂတ်၏ သားကောင်းရတနာလေးများဖြစ်သည့်အလျောက် အနာဂတ်ကို ဦးဆောင်မည့်သူများ ဖြစ်ကြသည်။

အနာဂတ်၏ လူငယ်များသည် တက်ကြွသွက်လက်နေရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍ ဉာဏ်ရည်ထက်မြက်သူများ ဖြစ်နေရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး၏ သားကောင်များမဖြစ်ရန်၊ လမ်းမှားမရောက်ရှိစေရန် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာများ ထွန်းကားတိုးတက်နေသော အနောက်နိုင်ငံများသည် မူးယစ်ဆေးဝါး ထုတ်လုပ်သည့် နည်းစနစ်များနှင့် ပစ္စည်းကိရိယာများကို ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပျံ့နှံ့စေခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဒေသနှင့် ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့်လည်း နှစ်နိုင်ငံသဘောတူညီမှုလက်မှတ်ရေးထိုးပြီး တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ သုံးစွဲမှုပပျောက်ရေးကဏ္ဍသည်လည်း အရေးကြီးသည့်အတွက် ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေး နှိုးဆော်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိရာ ယင်းအန္တရာယ်ဆိုး လုံးဝပပျောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲ ပါဝင်တားဆီးကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ပဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၆**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား Myanmar DAEWOO Limited မန်နေဂျင်းဒါရိုက်တာ Mr. Jeong Hwan Park နှင့်အဖွဲ့သည် မေ ၄ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၆**

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် သဘာပတိများအဖြစ် ဒေါ်ရီရီမြင့်၊ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ဒေါ်ဝါဝါထွန်းနှင့် ဒေါ်ခင်ခင်ဆွေတို့က ဆောင်ရွက်ကြသည်။ ထို့နောက် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ်နှင့် နာယကဖြစ်သူ စီးပွားရေးတက္ကသိုလ် အငြိမ်းစား ပါမောက္ခ ဒေါ်ရီရီမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် တာဝန်ထမ်းဆောင်မည့် အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

### ဖတ်ကြားတင်ပြ

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်နှင်းဝေက ၂၀၁၀-၂၀၁၁ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ထို့နောက် အသင်းဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယုက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အသင်းသူများက အသက် (၇၀)နှင့်အထက် ပုဂ္ဂိုလ်များအား ဂါရဝပြုပစ္စည်းနှင့် ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)**

**တောင်ဥက္ကလာပ မြို့နယ် (၈)ရပ်ကွက် ၃ လမ်း သစ္စာဥယျာဉ်အိမ်ရာ အခန်း (၁၀၃) တိုက်(၄)နေ သား ဦးစိန်မောင်နှင့် မိသားစုက မိခင် ဒေါ်တုတ်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၂၂၀၀၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဌေးဌေးဆွေတို့ လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)

## သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် သက်ကြီးပူဇော်ပွဲ ကျင်းပ

***ရန်ကုန် မေ ၆***

*ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့(၂၉)ရပ်ကွက် အပိုင်း(၁၆)၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၄ရက်က ညောင်အိုင်လမ်း မိုးကုတ်ရိပ်သာဓမ္မာရုံကြီးတွင် ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းလှိုင်နှင့် ရပ်မိရပ်ဖ ဦးဆန်နီတို့က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။*

### *ပေးအပ်လှူဒါန်း*

*ထို့နောက် ကန်တော့ခံ အဘိုးအဘွား ၂၈ဦးတို့အား အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။*

***(မြန်မာ့အလင်း)***

## သာယာဝတီ၌ အခမဲ့ဆေးကုသပေး

**သာယာဝတီ မေ ၆**

ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးအတွက် ဝေးလံသောဒေသများနှင့် ဆင်းရဲနွမ်းပါးသော လူနာများအား လစဉ် အခမဲ့ကွင်းဆင်းကုသပေးခြင်းကို ယခုအခါ သာယာဝတီခရိုင်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဧပြီ ၂၂၊ ၂၈ နှင့် ၃၀ ရက်များကလည်း သာယာဝတီခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုလွင်ဦးဆောင်၍ သာယာဝတီဆေးရုံမှ ဆရာဝန်များ၊ အနာကြီးရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်စိုးနိုင်၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာမျိုးဝင်းညွန့်၊ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာ ခင်ဆွေဆွေဝင်းနှင့် တီဘီ၊ ငှက်ဖျားနှင့် အရေပြားရောဂါတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများသည် သာယာဝတီမြို့နယ်အတွင်း ပြည်သူများအား ကျန်းမာရေးအသိပညာဖြန့်ဝေပေးခြင်း၊ ရောဂါရှာဖွေပေးခြင်း၊ အခမဲ့ဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

## တစ်နေ့တည်း သုံးရာသီ

တောင်ငူ မေ ၆

*ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် အနီးတစ်ဝိုက်တွင် ယခင်ရက်ပိုင်းများက မိုးရာသီကဲ့သို့ နေ့စဉ် မိုးများ သည်းထန်စွာ ရွာသွန်းခဲ့သည်။ ယနေ့ နံနက်ပိုင်းတွင် ဆောင်းရာသီကဲ့သို့ မြူနှင်းများ ထူထပ်စွာ ကျရောက်ခဲ့ပြီး နေ့ပိုင်းတွင်မူ နွေရာသီကဲ့သို့ ရာသီဥတု ပူပြင်းလာကာ ညနေပိုင်းတွင် မိုးများ သည်းထန်စွာ ရွာသွန်းခဲ့သဖြင့် တစ်ရက်တည်း ရာသီဥတု သုံးမျိုးကို မြို့နေ ပြည်သူများ အံ့ဩဖွယ်ရာ တွေ့ရှိ ခံစားခဲ့ရသည်။* (၁၁၅)

## စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးအား ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**နေပြည်တော် မေ ၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ရန်ကုန်မြို့အခြေစိုက် ဂျပန်နိုင်ငံ ITOCHU Corporation မှ Mr. Surnitaka FUJITA ခေါင်းဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား UNOCHA နှင့် UN-Habitat တို့မှ ဧည့်သည်များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိုယ်စားလှယ်ရုံး UNOCHA မှ Head of Office Ms. Barbara Manzi နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂအိုးအိမ်ဖွံ့ဖြိုးမှုအစီအစဉ် UN-Habitat မှ Head of Agency Mr. Srinivasa B.Papuri နှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး၏ မေခလာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ဂီရိမုန်တိုင်းသင့်ဒေသများနှင့် ရှမ်းပြည်နယ်ငလျင်ဒဏ်သင့်ဒေသများ၌ဆောင်ရွက်မည့် လူမှုဝန်ထမ်းလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာထူထောင်ရေးလုပ်ငန်း အစီအစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ရန်ကုန်မြို့အခြေစိုက် ဂျပန်နိုင်ငံ ITOCHU Corporation မှ Mr. Surnitaka FUJITA ခေါင်းဆောင်သော စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး**

**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co., Ltd. ဥက္ကဋ္ဌ Mr. Liu Jianye လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး တရုတ်ဧည့်သည်များ လာရောက်ဆွေးနွေး

**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပုဂံမြို့တို့၌ ဟိုတယ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co., Ltd. ဥက္ကဋ္ဌ Mr. Liu Jianye သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မေ ၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Shandong Puli Construction Engineering Co.,Ltd. ဥက္ကဋ္ဌ Mr.Liu Jianye ဦးဆောင်သော အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်းများ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ယင်းမြစ်ကြောင်းများတွင် အသုံးပြုမည့် ရေယာဉ်များတည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးရေးကိစ္စများ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) ဆက်လက်ပြသ

**ရန်ကုန် မေ ၆**

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ ဆက်လက် ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင်ပြသသည့် ပြခန်းပေါင်း ၁၂၀ အနက် တိုင်းရင်းဆေးပြခန်း ၁၁၀ ပါဝင်ပြသလျက်ရှိရာ အဝေရာတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးသိန်းဝင်းက ""ယခုလိုပါဝင်ပြသသည့်အတွက်သုံးစွဲသူများနှင့် တိုက်ရိုက်ထိတွေ့ရသဖြင့် အကျိုးကျေးဇူးများရရှိပါကြောင်း၊ မိမိတို့ဆေးဝါးလုပ်ငန်းမှ အမောလုံနှလုံးအားတိုးဆေး၊ အစာကြေအားဆေး၊ ပွင့်လင်းဒဏ်ကျေ အကိုက်အခဲပျောက်ဆေး၊ အပူငြိမ်းဆေး၊ သွေးချိုဆီးချိုကျဆေး၊ နှလုံးသွေးသန့်ဆေး၊ အဆစ်ရောင်လေးဖက်နာသောက်ဆေး၊ အသည်းအားတိုးဆေးနှင့် သွေးတိုးကျဆေးများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း"" ပြောကြားသည်။

မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(၂၀၁၁)ကို မေ ၅ ရက်မှ ၉ ရက်အထိ ဆက်လက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ် (၁)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်း နှင့်ဝန်ထမ်းများ၊ မြို့နယ်မီခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ မေ ၄ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်စဉ်။**
(မြို့နယ်ကျန်းမာရေး)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၅-၂၀၁၁ (စနေနေ့ )

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅:၂၀ | MRTV-4 သတင်း |
| ၅:၅၀ | **အိုသည့်ခန္ဓာကုသိုလ်ရှာ** တရားတော် ချောင်းဦး ဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ |
| ၆:၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၆) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၄) |
| ၈:၄၅ | Legendary Journey Live at Singapore (Part-5) |
| ၉:၄၀ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀:၁၀ | Activities in the City (ပဉ္စမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲ) |
| ၁၀:၃၀ | သွားမယ်စားမယ် (Golden Sea Food) |
| ၁၀:၅၅ | ဒေဝဒဟာသဗ္ဗသိဒ္ဓိနတ်စင်တစ်ရာ ကျောင်းအမှူးပြုသော သန့်စင်အောင်ကုမ္ပဏီ၏ စတုဒိသာအလှူမှသည်··· |
| ၁၁:၂၀ | MNL Preview |
| ၁၁:၄၅ | ထူးချွန်သူများမွေးဖွားပေးရာ SDEC ပါ··· |
| ၁၂:၀၅ | မွန်မြတ်အလှူစိတ်ကြည်ဖြူ သီတဂူဗြဟ္မာယုအာယုဒါန ဆေးရုံတော်၏ ဆေးပဒေသာပင်အလှူ |
| ၁၂:၂၀ | သွန်းပြုပူဇော်ရှစ်သောင်းလေးထောင် အဘိနန္ဒိတ ဗုဒ္ဓရုပ်ပွားတော်အလှူတော် |
| ၁၂:၄၅ | နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ (၁၉)ကြိမ်မြောက်အလှူငွေပေးအပ်ပွဲ |
| ၁:၀၀ | **အိုသည့်ခန္ဓာကုသိုလ်ရှာ** တရားတော် (ချောင်းဦး ဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ) |
| ၂:၀၀ | MRTV-4 သတင်း |
| ၂:၂၀ | Goals of the Week |
| ၂:၅၀ | ကြည်နူးမြတ်နိုးဖွယ် အလှအပများ စုဝေးရာ ပဒုမ္မာ |
| ၃:၁၀ | Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း)(အပိုင်း-၂) |
| ၃:၃၅ | အစွမ်းထက်မြက်··· မြန်မာ့ဆေးစွမ်းတစ်လက် |
| ၄:၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၄) |
| ၅:၀၀ | ဖက်ရှင်လမ်းညွှန် (EMO & GOTHIC FASHION) |
| ၅:၃၀ | ဂဏန်းသချ်ာပျော်စရာ (အပိုင်း-၁၀) |
| ၆:၀၀ | MRTV-4 သတင်း |
| ၆:၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၇) |
| ၇:၁၀ | Legendary Journey Live at Singapore (Part-6) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၂၅ | **Barclays Premier League (West Ham Vs Blackburn)** |
| ၁၀:၂၅ | Kid's Show |
| ၁၀:၅၅ | **Barclays Premier League (Tottenham Vs Blackpool)** |
| ၁၂:၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၅) |
| ၁:၄၅ | လက်ဝယ်ရှိသော |
| ၁:၅၅ | တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ပင်လယ်ရေမှော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း) |
| ၂:၁၅ | စေတနာအမှန်ဖြင့်··· |
| ၂:၃၀ | သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့် တွေ့ဆုံခြင်း) |
| ၂:၅၅ | မြေကြီးက ရွှေသီးဖို့ ရေထိန်းသဘာဝ ဂျယ်ကိုသုံးကြစို့ |
| ၃:၀၅ | World of Knowledge (Future Train) |
| ၃:၅၀ | တိုးတက်စည်ပင် ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ |
| ၄:၁၅ | တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရ သာသနာ့ရိပ်သာ |
| ၄:၃၅ | ပဒုမ္မာကြာနွယ်ရိုးမှသည်··· |
| ၄:၅၀ | ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ထင်ပေါ် မန္တလေးမြို့က ကျောက်စာတော် စေတီတော် |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၂၅ | Everton-Man City | ESPN (Live) |
| | West Ham - Blackburn | STAR SPORTS (Live) |
| ၁၀:၅၅ | Tottenham - Blackpool | ESPN (Live) |
| ၁၁:၀၀ | Bolton - Sunderland | STAR SPORTS (SDD) |

## ပုဂံအမြန်အစုန်ရထား နွားထိုးကြီး၌ လမ်းချော်

**နွားထိုးကြီး မေ ၆**

မန္တလေးမှ ပုဂံဘက်သို့ ထွက်ခွာလာသော ပုဂံအမြန်အစုန်ရထား ဒီဒီ ၉၆၄ သည် မေ ၆ ရက် နံနက် ၂ နာရီ ၂၇ မိနစ်ခန့်က နွားထိုးကြီးမြို့နယ် ဒေါင်းဦးနှင့် ငှက်ပျောအိုင်ဘူတာကြား မိုင်တိုင် (၃၉၉/၈-၇)အရောက်တွင် လမ်းချော်မှု ဖြစ်ပွားခဲ့သည်။

စက်ခေါင်းနှင့်ခရီးသည်နှစ်တွဲ လမ်းချော်ကျရာ ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရှိရသည်။ **(ဝ၁၈)**

## နိုင်ငံတကာသတင်းများ

# အိန္ဒိယ၌ လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား

## လေယာဉ်မှူးနှစ်ဦးနှင့်ခရီးသည်များ ဆေးရုံပို့ရ

**မီဇိုရမ် မေ ၆**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မီဇိုရမ်မြို့ လန်ပူရီလေဆိပ်၌ လေယာဉ်မှူးနှစ်ဦးအပါအဝင် ခရီးသည် ၁၁ ဦး တင်ဆောင်လာသော လေယာဉ်တစ်စင်း မေ ၅ ရက်က အရှိန်မထိန်းနိုင်ဘဲ ပြေးလမ်းချော်မှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၁၁ ဦးစလုံး ဒဏ်ရာရရှိပြီး ဆေးရုံသို့တင်ပို့ပေးခဲ့ရကြောင်း မေ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

**ပြေးလမ်းချော်**

၎င်းလေယာဉ်သည် အိန္ဒိယနိုင်ငံ အမ်ဖယ်မြို့မှ လန်ပူရီမြို့သို့ ပျံသန်းလာစဉ် လန်ပူရီလေဆိပ်သို့အဆင်း၌ လေယာဉ်မှူးများ လေယာဉ်အရှိန်ကို မထိန်းနိုင်ဘဲ ပြေးလမ်းချော်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

**မထိန်းနိုင်**

ရာသီဥတုဆိုးရွားနေမှုကြောင့် လေယာဉ်မှူးများ လေယာဉ်ကိုမထိန်းနိုင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။

**ပေါ်ပေါက်**

ပြီးခဲ့သည့်နှစ်ကလည်း အိန္ဒိယနိုင်ငံ မင်္ဂလိုရီမြို့သို့ ပျံသန်းလာသော ခရီးသည် ၁၅၈ ဦး တင်ဆောင်လာသည့် ဘိုးရင်းလေယာဉ်ကြီး လေဆိပ်အဆင်း၌ ပြေးလမ်းချော်ခဲ့ရာ ခရီးသည်များ သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ မင်္ဂလိုရီလေဆိပ်သည် တောင်တန်းများ ဝိုင်းရံလျက်ရှိသော တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ လန်ပူရီလေဆိပ်သည်လည်း အလားတူ တောင်ထိပ်မျိုးပေါ်တွင် တည်ဆောက်ထားသဖြင့် အတက်အဆင်းအလွန်သတိထားရသော လေဆိပ်ဖြစ်သည်။ **(အင်တာနက်)**

# သက်တမ်း ၃၃ နှစ်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုကို တောင်ကိုရီးယား၌ ပြန်လည်သုံးစွဲမည်

**ဆိုးလ် မေ ၆**

တောင်ကိုရီးယားရှိ သက်တမ်းရင့် နျူကလီးယား ဓာတ်ပေါင်းဖို**(အပေါ်ပုံ)**ကို လုံခြုံစိတ်ချရမှု ရှိမရှိစစ်ဆေးပြီးနောက် ပြန်လည်အသုံးပြုခွင့် ပြုလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံရေးရာဝန်ကြီးဌာနက မေ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

**ပိတ်ထားခဲ့**

ကိုရီးအမည်ရှိ နျူကလီးယားဓာတ်ပေါင်းဖိုကို တောင်ကိုရီးယားနိုင်ငံအရှေ့တောင်ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်သည့် ဂိုရီမြို့အနီးတွင် ၁၉၇၈ ခုနှစ်ကတည်းက စတင်အသုံးပြုနေခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၌ ငလျင်နှင့်ဆူနာမီဘေးအန္တရာယ်များကြောင့် ဖူကူရှီးမားနျူကလီးယားစက်ရုံ မတော်တဆဖြစ်ရပ်များဖြစ်ပွားခဲ့ပြီးနောက် တောင်ကိုရီးယားတာဝန်ရှိသူများက လုံခြုံစိတ်ချရမှု ရှိ မရှိစစ်ဆေးရန် ပြီးခဲ့သည့် ဧပြီလက ပိတ်ထားခဲ့ခြင်းဖြစ်သည်။

**ခွင့်ပြုပေး**

တောင်ကိုရီးယားအစိုးရ၏ သဘောတူခွင့်ပြုချက်ဖြင့် ၃၃ နှစ်ကြာ သက်တမ်းရှိနေပြီဖြစ်သော ကိုရီးနျူကလီးယားဓာတ်ပေါင်းဖိုကို ပြန်လည်အသုံးပြုရန် ၎င်းဓာတ်ပေါင်းဖိုကို တာဝန်ယူထားသည့် ဟိုက်ဒရိုနှင့် နျူကလီးယားဓာတ်အားကော်ပိုရေးရှင်းအား ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ၎င်းနျူကလီးယားဓာတ်ပေါင်းဖိုမှ လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

# ဒိုမီနီကန်သမ္မတနိုင်ငံ၌ ကိုကင်း ၄၉ ဒသမ ၄ ကီလိုဂရမ်သယ်လာသည့် ကိုလံဘီယာနိုင်ငံသား ဖမ်းဆီးခံရ

**ဆန်တိုဒိုမီဂို မေ ၆**

ဒိုမီနီကန် သမ္မတနိုင်ငံတွင် ကိုကင်း ၄၉ ဒသမ ၄ ကီလိုဂရမ် သယ်ဆောင်လာသည့် ကိုလံဘီယာနိုင်ငံသားတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ မေ ၅ ရက်တွင် ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆန်တိုဒိုမီဂိုမြို့တော်အတွင်း၌ မူးယစ်ဆေးဝါးတိုက်ဖျက်မှု စစ်ဆင်ရေးဆင်နွှဲစဉ် ၎င်းအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဗဟိုမူးယစ်တိုက်ဖျက်ရေး အမျိုးသားရဲဌာနက ပြောကြားသည်။

**ဖမ်းဆီးနိုင်ခဲ့**

ဆန်တိုဒိုမီဂိုမြို့ အရှေ့ပိုင်းရှိ တိုက်ခန်းတစ်ခန်းတွင်နေထိုင်သည့် ၎င်းကိုလံဘီယာနိုင်ငံသားထံမှ သေတ္တာသုံးလုံးအတွင်း ဝှက်သိမ်းထားသည့် ကိုကင်းများကို ရှာဖွေဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

# ရေနံစိမ်းတစ်စည် ဒေါ်လာ ၁၀၀ အောက်ကျဆင်း

**နယူးယောက် မေ ၆**

အမေရိကန် ရေနံစိမ်းဈေးနှုန်းသည် မေ ၅ ရက်က ဝယ်လိုအားထက် ရောင်းလိုအားများနေသဖြင့် ရေနံစိမ်းတစ်စည် အမေရိကန်ဒေါ်လာ ၁၀၀ အောက် ကျဆင်းသွားခဲ့ကြောင်း မေ ၆ ရက်က ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

**ကျဆင်းခဲ့**

နယူးယောက်ရေနံဈေးကွက်တွင် ရေနံစိမ်းတစ်စည် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၈၀ အထိကျဆင်းခဲ့သည်။ ယင်းမှာ တစ်စည်အပေါ် ၉ ဒသမ ၁၇ ဒေါ်လာ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၃၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လန်ဒန်ရေနံစိမ်းဈေးကွက်တွင် ပြီးခဲ့သည့်နှစ် ဇွန်လနှင့် နှိုင်းယှဉ်လျှင် တစ်စည်အပေါ် ၉ရာခိုင်နှုန်းနီးပါးကျဆင်းသွားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

# အိန္ဒိယကမ်းလွန်၌ အပိုင်စီးခံရသောကုန်တင်သင်္ဘော ပြန်လွတ်လာ

**ပေကျင်း မေ ၆**

သင်္ဘောသား ၂၄ ဦးနှင့်အတူ အပိုင်စီးခံခဲ့ရသည့် ပနားမားနိုင်ငံ၌ မှတ်ပုံတင်ထားသော ကုန်တင်သင်္ဘောတစ်စင်းကို မေ ၅ ရက် မွန်းလွဲပိုင်းက ကယ်ဆယ်နိုင်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

**အပိုင်စီး**

ဖူးလ်စီးတီးအမည်ရှိ**(အောက်ပုံ)** ၎င်းကုန်တင်သင်္ဘောကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်း ကမ်းလွန်ရေမိုင် ၄၅၀ခန့် အကွာ၌ ဆိုမာလီပင်လယ်ဓားပြများက အပိုင်စီးခဲ့ခြင်းဖြစ်သည်။ ထိုသို့ အပိုင်စီးခံရသည့် သင်္ဘောအား အမေရိကန်နှင့်တူရကီစစ်သင်္ဘောများက တိုက်ခိုက်ကာ ကယ်ဆယ်နိုင်ခဲ့ကြောင်း တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

**လွတ်မြောက်လာ**

၎င်းသင်္ဘောနှင့်အတူ တရုတ်သင်္ဘောသား ၂၄ ဦးတို့မှာ တစ်စုံတစ်ရာထိခိုက်မှုမရှိဘဲ ပြန်လည်လွတ်မြောက်လာခဲ့သည်။ **(အင်တာနက်)**

● မိုးမြင့်လင်းလက် စုစည်းသည် ●

# လက်နက်များဖြင့်ပစ်ခတ်မှု ပါကစ္စတန်၌ ရှစ်ဦးသေဆုံး

**အစ္စလမ္မာဘတ် မေ ၆**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် မေ ၆ ရက် နံနက်က အကြမ်းဖက်လက်နက်ကိုင်သမားများ၏ပစ်ခတ်မှုကြောင့် အနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

**ပစ်ခတ်**

ပစ်ခတ်ခံရမှုမှာ ဘလိုချီစတန်ပြည်နယ် ကွီတာမြို့ ဟာဇာရာအရပ်၌ရှိသော ဘောလုံးကွင်းတစ်ကွင်းအတွင်း စစ်ရေးလေ့ကျင့်နေသူများအား အမည်မသိ လက်နက်ကိုင်များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

ထိုသို့ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူများလည်း အများအပြားရှိခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

# ရုရှားတိုက်လေယာဉ်သစ် စမ်းသပ်ပျံသန်း

**ဗလာဒီဘော့စတော့ခ် မေ ၆**

ရုရှားနိုင်ငံမှ ဒီဇိုင်းထုတ်လုပ်သည့် စူခွိုင်း စူ-၃၅ အက်စ်ဖလင်ကာအီး တိုက်လေယာဉ်သစ်တစ်စင်းကို မေ ၅ ရက်က စမ်းသပ်ပျံသန်းခဲ့ကြောင်း အိုင်အိုင်အေနီုဗိုစတီသတင်းဌာနက မေ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

**စမ်းသပ်**

၎င်းတိုက်လေယာဉ်သည် ရုရှားနိုင်ငံအရှေ့ဖျား အမူရာလေဆိပ်မှ ပျံတက်ပြီးနောက် ဝေဟင်အတွင်း မိနစ် ၉၀ကြာမျှ ပျံသန်းခဲ့ကြောင်း၊ မောင်းနှင်မှုနှင့် ထိန်းချုပ်မှုစနစ်များကို ပျံသန်းနေစဉ် စမ်းသပ်ခဲ့ကြောင်းသိရသည်။

**လွှဲပြောင်း**

စူ-၃၅ အက်စ်ဖလင်ကာအီး တိုက်လေယာဉ်သည် ပျံသန်းနေစဉ် ပဲ့ထိန်းဒုံးကျည်ပစ်ခတ်မှုနှင့် ပဲ့ထိန်းစနစ်မပါသောဒုံးကျည် စမ်းသပ်ပစ်ခတ်မှုများကို ပြုလုပ်ခဲ့သည်။ အဆိုပါ လေယာဉ်တွင် အင်ဂျင်နှစ်လုံး တပ်ဆင်ထားပြီး စမ်းသပ်ပျံသန်းမှုများပြီးဆုံးပါက ရုရှားစစ်ဘက်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ **(အင်တာနက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ပဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Ruth Kahanoff နှင့်အဖွဲ့သည် မေ ၅ရက် နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁) ဖွင့်လှစ်ပြသ

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)အသင်းခွဲက ကြီးမှူး၍ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (၂၀၁၁)ကို မေ ၅ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများတက်ရောက်ကြပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်၊ တိုင်းရင်းဆေးကောင်စီဝင် ဦးသန်းညွှန့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးမောင်ညဏ်နှင့် တိုင်းဒေသကြီးအသင်းခွဲဥက္ကဋ္ဌ ဦးသောင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ကျင်းပမည်

***ရန်ကုန် မေ ၆***

*"သာတူညီမျှပြုစုရေး၊ ချိန်ခါမရွေးဆောင်ရွက်ပေး၊ ကွာဟမှုတွေမရှိဖို့ သူနာပြုများကြိုးပမ်းစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းက ကြီးမှူး၍ မေ ၁၂ ရက်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) ပင်မခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်သည်။*

***ဆွေးနွေး***

*အဆိုပါ အခမ်းအနားတွင် သူနာပြုတက္ကသိုလ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆေးရုံကြီးများမှ အသင်းဝင် သူနာပြုသုံးဦးတို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများ၌ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။* ***(သတင်းစဉ်)***

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အပြင်သန့်ရှင်းရေးနှင့် ဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၁ ရက်က အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်း၊ ဒုတိယဦးစီးမှူး (ဈေး) ဦးခင်မောင်လွင် ဦးဆောင်သော ဈေးသန့်ရှင်းရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း ပုသိမ်မြို့၌ ဖွင့်ပွဲကျင်းပ

**ပုသိမ် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲကို မေ ၄ ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ပညာ၊ ကျန်းမာရေးဝန်ကြီး ဦးစိုးမြင့်**(အပေါ်ပုံ)**က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ သင်တန်းသို့ အမှတ်(၁)အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)လက်အောက်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ချိန်ခါမရွေး**

**သတိပေး**

---

**မီးဘေး**

**ကင်းဝေးမှာ**

**အခြေခံ မီးသတ်သင်တန်း (၁/၂၀၁၁) ဖွင့်ပွဲကို ဧပြီ ၅ ရက်က ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်ရုံးခန်းမ၌ ကျင်းပရာ ဒေါပုံ၊ သာကေတ၊ ဒဂုံဆိပ်ကမ်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကိုကိုဦးက စက်ရုံ၊ အလုပ်ရုံများ မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (၁၁၆)

# ကမ္ဘာ့ကြက်ခြေနီနေ့

## ၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်

World Red Cross Day

8th May, 2011

**" VOLUNTEERISM"**

**"စေတနာရှင်စိတ်ထား သင့်ရင်ထဲမှာပွား"**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများကျင်းပ

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီတွင် မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း စစ်ရေးပြကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး အခြေခံမီးသတ်သင်တန်း (အများဆုံး) ဖွင့်လှစ်နိုင်မှုဆုရ ရွှေဘိုခရိုင်နှင့် အကောင်းဆုံးမီးသတ်စခန်း သန့်ရှင်းသာယာလှပရေးဆုရ ကန့်ဘလူမြို့နယ်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက စစ်ရေးပြပြိုင်ပွဲ၊ မီးသတ်စက်ကြီးလေ့ကျင့်ခန်းပြိုင်ပွဲ၊ အသက်ကယ် စွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ မြို့နယ်နှင့် ရပ်ကွက်များမှ မီးသတ်တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ အသက်ကယ်စွမ်းရည် ပြသခြင်းတို့ကို သရုပ်ပြသကြသည်။

**ကချင်ပြည်နယ်**

ကချင်ပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဘီထောဇောင်းက အဖွင့်အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက အထပ်မြင့်အဆောက်အအုံများတွင် မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်ခြင်း၊ ဆီနှင့် ဂက်(စ်)အိုးမီးလောင်မှု ကာကွယ်ငြိမ်းသတ်ခြင်းနှင့် လူနေအိမ်မီးငြိမ်းသတ်မှု သရုပ်ပြအစီအစဉ်များကို ပြသကြသည်။

**ကယားပြည်နယ်**

ကယားပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ကယားပြည်နယ် မီးသတ်တပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်မီးသတ်တပ်ဖွဲ့မှူးက စခန်းသာယာလှပရေး ပထမဆုရ လွိုင်ကော်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းအား ဂုဏ်ပြုဆုချီးမြှင့်ကာ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးသတ်ဆေးဘူး၊ ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်နည်းစနစ်တို့ကို သရုပ်ပြသကြသည်။

**မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝေက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့်အတူ တာဝန်ကိုလေးစားစွာဆောင်ရွက်ကြသူ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကာ မြို့နယ်မီးသတ်ဦးစီးမှူးက ဆီမီးသတ်ဘူးသုံးစွဲပုံကို လက်တွေ့သရုပ်ပြသရှင်းလင်းသည်။

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ် (၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီးဦးစိုင်းထွန်းရင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကျင့်ဝတ်ဖြေဆိုယှဉ်ပြိုင်ပွဲ၊ သင်တန်းများတွင် ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် တံဆိပ်များကို ချီးမြှင့်ကြသည်။

ထို့နောက် ရေပုံးလေ့ကျင့်ခန်း၊ မီးသတ်ဆေးဘူး၊ ဆီမီးလောင်မှုကို မီးသတ်ယာဉ်ဖြင့် ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်အုပ်စုဖြင့် မီးငြိမ်းသတ်မှုတို့ကို သရုပ်ပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်ပင်သာယာရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးမှာကြား

**နေပြည်တော် မေ ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၃ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ စစ်တွေမြို့ သန့်ရှင်းသာယာလှပရေး၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးကြည်၊ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုနှင့် မြို့နယ်စည်ပင်အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့က သက်ဆိုင်ရာစည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်အား တရုတ်ညှိသည့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်ဆန်းပြည်နယ်ခွဲ ဥက္ကဋ္ဌ မစ္စတာဝူစွန်းနှင့်အဖွဲ့သည် မေ ၄ ရက် ညနေ ၃ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ပြည်ပသို့ သစ်အချောထည်ပစ္စည်းများ တင်ပို့ခြင်းအပေါ် အဆင်ပြေချောမွေ့စေရန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ နှီးနှောဖလှယ်ပွဲကို မေ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန [International Business Center (IBC)] တွင် ကျင်းပမည်ဖြစ်ပြီး Emerging Market Requirement Challenges and Opportunities for Myanmar's Timber Industry ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

အဆိုပါနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများသည် မေ ၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉ တို့ထံသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သစ်လုပ်ငန်းရှင်များအသင်း)**

**ဧပြီ ၁၀ ရက်က သာပေါင်းမြို့ အမှတ် (၂)ရပ်ကွက် မုန်စီကျောင်းလမ်းရေမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးလွင်၊ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင်နှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**ဧပြီ ၂၅ ရက်က စစ်တွေခရိုင် ကျောက်တော်မြို့နယ်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းကို ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်လျက်ရှိရာ ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး ကွင်းဆင်းစစ်ဆေးစဉ်။** (မြေစာရင်း)

**ခြင်ဆေးမီးပွား သေးငယ်ပြား ဒုက္ခများစွာပေးလိမ့်မည်**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

***ရန်ကုန် မေ ၆***

*ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၅)ကို ထုတ်ဝေ ဖြန့်ချိလိုက်သည်။*

*အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာ လမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀တို့မှ ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။* ***(သတင်းစဉ်)***

# စပါးခွံဓာတ်ငွေ့ထုတ်စက်နှင့် တစ်လုံးထိုးဒီဇယ်အင်ဂျင်စက်များ မုံရွာမြို့ သံရည်ကျိုစက်ရုံ၌ ထုတ်လုပ်အသုံးပြု

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မေ ၄ ရက် နံနက်ပိုင်းက မုံရွာမြို့ သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုစက်ရုံ၌ စပါးခွံဓာတ်ငွေ့ထုတ်စက်နှင့် စက်ပစ္စည်းများနှင့် မြင်းကောင်ရေ (30HP) တစ်လုံးထိုး ဒီဇယ်အင်ဂျင်စက်များ ထုတ်လုပ် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** စက်ရုံကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စံချိန်စံညွှန်းမီ စက်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စက်ရုံအုတ်တံတိုင်း ကာရံဆောက်လုပ်မှုကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**တွေ့ဆုံ**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ဘုတလင်မြို့နယ် ကွမ်းခြံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဘုတလင်မြို့နယ် အင်းတော လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းရေး၊ မိုးဦးသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးနှင့် လျှပ်စစ်မြစ်ရေတင်မှုရရှိသည့် ရေကို အကျိုးရှိစွာ အသုံးချရေးတို့ကို မှာကြား၍ နွေစပါးခင်းများသို့ ရေပေးဝေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

***ရန်ကုန် မေ ၆***

*ဝါဏိဇ္ဇဘွဲ့ရများအသင်း မြန်မာနိုင်ငံက ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Accounting Polices, Estimates and Errors ခေါင်းစဉ်ဖြင့် ဟောပြောမည့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀)အောက် ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ရန် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ရုံးဖုန်း-၂၉၁၆၆၇နှင့် ဖုန်း-၀၉-၇၃၀-၈၀၂၆၉၊ ဖုန်း-၀၉-၅၄၀၇၅၅၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

# ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ ဆွေးနွေးပွဲတက်ရန် အင်ဒိုနီးရှားသို့ထွက်ခွာ

**ရန်ကုန် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့ဦးဆောင်သော အဖွဲ့ဝင် ၁၃ ဦး ပါဝင်သည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် မေ ၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပပြုလုပ်မည့် ပထမအကြိမ် အာဆီယံ-အီးယူစီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (The First ASEAN-EU Business Summit) သို့ တက်ရောက်ရန် မေ ၄ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဦးထွန်းအောင်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(ကုန်သည်/စက်မှုအသင်းချုပ်)**

# မြန်မာ့တိုင်းရင်းသမားတော်များ၏ ဆေးစွမ်းကောင်းများစုစည်းပြသ တိုင်းရင်းဆေးများအပေါ် ယုံကြည်အားထားသူတို့ ပိုမိုများပြားလာ

တွေ့ဆုံမေးမြန်းသူ- တင်ဝင်းလေး (ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြင့်အောင် (အလုံ)

**ရန်ကုန် မေ ၆**

မြန်မာတို့၏ တိုင်းရင်းဆေးစွမ်းကောင်းများစွာတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် ခိုင်မြဲတည်တံ့စွာ ရှိနေသည်။ တစ်ချိန်က တိမ်မြုပ်နေခဲ့သော ဆေးစွမ်းကောင်းများသည် နိုင်ငံ

"နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီထုတ်လုပ်ထားတာပါ"
ဆရာကြီး ဦးဖြေ(ပဲခူး)
ဒေဝယက္ခတိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး။

"တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်"
ဦးသိန်းဝင်း
အဝေရာအစာကြေဆေးတိုက်။

"တိုင်းရင်းဆေးဝါးအားလုံးက သူ့အစွမ်းနဲ့သူ ကောင်းကြပါတယ်"
ဆရာ ဦးပေါ်ညိမ်း
ကံသာဆေးတိုက်။

တော်အစိုးရနှင့်အတူ တိုင်းရင်းဆေးပညာရှင်များ၏ ဖော်ထုတ်မှုကြောင့် ယခုအခါ မြန်မာတိုင်းရင်းဆေးလောကတွင် အတော်များများပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ပတ္တမြားမှန်သည့်အတွက် နွံတွင် ကြာရှည်စွာ နစ်မြုပ်မနေခဲ့ပေ။

## တွေ့မြင်

ယနေ့ ခေတ်မီဆေးဝါးများနှင့်ပင် မပျောက်ကင်းနိုင်သော အချို့သော ရောဂါများသည် အစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးဝါးများ၏အစွမ်းကြောင့် အနာရောဂါလုံးဝကင်းစင်သွားသည်ကို တွေ့မြင်လာရသည်။

## ကြည့်ရှုလေ့လာ

စာရေးသူအနေဖြင့် မြန်မာ့တိုင်းရင်းဆေးဝါးများအပေါ် ယုံကြည်ရင်းစွဲရှိနေသည်နှင့်အညီ လက်လှမ်းမီရာ တိုင်းရင်းဆေးဝါးပြပွဲများဆီသို့ မလွှတ်တမ်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ယခု ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ပြသနေသည့် တိုင်းရင်းဆေးဝါးပြပွဲက တစ်မျိုးဆန်းသစ်နေသည်။ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်း(ရန်ကုန်တိုင်းဒေသကြီး)က ဦးစီးကျင်းပသည့် ပထမအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ၂၀၁၁ ဖြစ်သည်။

## ညို့ယူဖမ်းစား

ခန်းမကြီးအတွင်းသို့ မဝင်မီကပင် အပြင်မျက်နှာစာ၌ ခံ့ညားထည်ဝါသော တိုင်းရင်းဆေး ကျော်ငြာဘုတ်ကြီးများက လာရောက်ကြည့်ရှုလေ့လာသူအပေါင်းအား ညို့ယူဖမ်းစားထားသကဲ့သို့ရှိသည်။

ခန်းမကြီးအတွင်းသို့ ဝင်လိုက်သည်နှင့် ဆေးတိုက်ပြခန်းများ၏ ထည်ဝါမှုက မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းတို့၏ အောင်မြင်ထွန်းပေါက်အဆင့်မြင့်မားမှုကို ညွှန်းဆိုနေသည်။

## စုစည်းပြသ

ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ) က "ကျွန်တော်တို့ပြပွဲကို မေ ၅ ရက်မှ ၉ ရက်အထိ ငါးရက်တိုင်တိုင် ပြသသွားမှာပါ။ ပြခန်းပေါင်း ၁၂၀ကို တိုင်းရင်းဆေးဝါးထုတ်လုပ်သူ ၆၉ ဦးတို့က စုစည်းပြသနေပါတယ်"ဟု ရှင်းပြခဲ့သည်။

ပြပွဲခန်းမကြီးအတွင်း လေ့လာရေးအဖြစ် ဟိုဝင်သည်ထွက် လိုက်လံကြည့်ရှုရင်း လက်လှမ်းမီရာ ပြခန်းများဆီသို့ ဝင်ရောက်စေ့ငုခဲ့သည်။

အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမည်ဆိုသည့် ကြော်ငြာအားဖြင့် ဆေးစွမ်းကောင်းများ ထုတ်လုပ်နေသည့် ဒေဝယက္ခတိုင်းရင်းဆေးပြခန်းကို ဝင်ခဲ့သည်။

## ဝယ်ယူ

ဆရာကြီး ဦးဖြေ (ဝိသဇ္ဇက/ပဲခူး)က "အဘိုးလက်ထက်ကတည်းက ဖော်စပ်လာတဲ့ တိုင်းရင်းဆေးတွေပါ။ ဒီဘက်ခေတ်မှာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုပြင်ထုတ်လုပ်ထားတာပါ။ အခုပြည်တွင်းသာမက နိုင်ငံခြားရောက် မြန်မာတွေ့ရဲ့ မှာယူမှုနဲ့ တရုတ်၊ အိန္ဒိယ၊ မလေးရှားနိုင်ငံတို့ကိုပါ ပို့ပေးနေရပါတယ်" ဟု ပြောပြသည်။ အရောင်းကောင်းတာတွင် ထုပ်ပိုးမှုကျနလှပစွာဖြင့် ထုပ်ပိုးထားသော အကျိတ်ကြေမန်းဆေး၊ မာန်လည်းအဖြေကျော် "ဝ" လေးလုံးရှူဆေး စသည်တို့ကို ပြပွဲလာပရိသတ်များ နှစ်သက်စွာ ဝယ်ယူနေကြသည်။

## ထုတ်လုပ်

ကိုယ်တိုင်ပင် ဆေးဝါးထုတ်လုပ်ကုသပေးနေသော ဆရာကြီး ဦးသိန်းဝင်းက "တိုင်းရင်းဆေးဆရာတစ်ဦးဖြစ်ရတာ အလွန်မှပဲ ဂုဏ်ယူပါတယ်။ ကိုယ့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ကိုယ့်တိုင်းရင်းဆေးနဲ့ ကိုယ်တိုင် ကုသပေးရတဲ့အတွက်ပါ၊ ထုတ်လုပ်မှုအနေနဲ့ အဝေရာ အစာကြေဆေး၊ အမောလုံ နှလုံးအားတိုးဆေး၊ ပွင့်လင်းဒဏ်ကြေဆေးနဲ့ အပူငြိမ်းဆေးတွေ ထုတ်လုပ်နေပါတယ်" ဟု ရှင်းပြသည်။

တစ်ဆက်တည်းရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်းသို့ ခြေဦးလှည့်ခဲ့သည်။ ဆရာ ဦးဝင်းထင်ကျော်(လက်ထောက်ညွှန်မှူး)က "လာရောက်လေ့လာတဲ့သူတွေကို တိုင်းရင်းဆေးပညာဆိုင်ရာ သိသင့်သိထိုက်တာတွေကို ညွှန်ပြပေးနေပါတယ်"ဟု ဆိုခဲ့သည်။

## နှုတ်ဆက်

ဝယ်သူတို့ဖြင့် ဆိုင်ရှေ့မျက်နှာစာ၌ ပြည့်နေသော မှန်ချိုဆေးဝါးများပြခန်းအတွင်း ဆရာမကြီး ဒေါ်တင်နွယ်ဦးအား ဝင်ရောက်နှုတ်ဆက်ခဲ့သည်။

## ဝမ်းသာမိ

ဆရာမကြီးက "မှန်ချိုသမားတော်ကြီး ဦးပညာ၊ ဦးဘခင်၊ ယခုသမားတော်ကြီး ဦးလှငွေး မျိုးဆက်သုံးဆက်တိုင် နှစ်ပေါင်း ၁၀၀ ကျော်က ထုတ်လုပ်လာတဲ့ မှန်ချိုဆေးတွေပါ။ အခုတော့ ကျွန်မတို့ မြန်မာ့တိုင်းရင်းဆေးတွေကို မြန်မာတင်မက အိမ်နီးချင်းနိုင်ငံတွေကပါ ယုံကြည်သုံးစွဲလာတဲ့အတွက် ဝမ်းသာမိပါတယ်"ဟု ဆိုခဲ့ပါသည်။

## ရောက်ခဲ့

"အိမ်တွင်းသမားတော်တစ်ဦးကဲ့သို့ ယုံကြည်အားထားရသော ဆေးစွမ်းကောင်းများ ဖြစ်ပါသည်" ဟု ညွှန်းဆိုသည့် စာတန်းရေးထိုးထားသော ဆေးတိုက်ပြခန်းကြီးတစ်ခန်းဖြစ်သည့် ဆရာထွန်း၏ ထွန်းရွှေဝါ တိုင်းရင်းဆေးပြခန်းရှေ့သို့ စာရေးသူ ရောက်ခဲ့သည်။

ဆရာဦးထွန်းရွှေ (ပြပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး)က အပြုံးနှင့်ဆီးကြိုရင်း "တိုင်းရင်းဆေးမျိုးရိုးကဆင်းသက်လာတာပါ။ ကျွန်တော့်လက်ထက်မှာ ထုတ်လုပ်မှုပုံစံပြောင်းပြီး ဓာတ်ခွဲခန်းအတွင်း ဆေးဝါးကျွမ်းကျင်ပညာရှင်တွေနဲ့ အမြဲတမ်းစစ်ဆေးစမ်းသပ်မှုတွေ ပြုလုပ်နေခဲ့ပါတယ်။ အခုဆို နယ်စပ်ဒေသပါမကျန်ဖြန့်ချိမှု အားကောင်းကောင်းနှင့် ထုတ်လုပ်နေပါတယ်။ နောက်ဆုံးဆေး အမယ်သစ်အနေနဲ့ ကြက်သွန်ဖြူ အစာကြေဆေး အမယ်သစ်ကိုလည်း ထပ်မံထုတ်လုပ်ထားပါတယ်" ဟု ဆေးများကို ပြသရင်း ပြောပြခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား)ဆရာကြီး ဦးပေါ်ညိမ်း၏ ကံသာဆေးတိုက်ပြခန်းသို့ ရောက်ခဲ့ကြပြန်သည်။

## အလုပ်အကျွေးပြု

ဆရာကြီးက "အခုလိုအငြိမ်းစားယူပြီးတဲ့နောက် အများပြည်သူတွေရဲ့ ကျန်းမာရေးကို စရိတ်စကနည်းနည်းနဲ့ အစွမ်းထက်တဲ့ တိုင်းရင်းဆေးတွေနဲ့ တစ်ထောင့်တစ်နေရာက ဆောင်ရွက်ပေးနေတာပါ။ တိုင်းရင်းဆေးအားလုံး သူ့အစွမ်းနဲ့သူ ကောင်းကြပါတယ်။ ကံသာဆေးတိုက်အနေနဲ့ ပိတောက်မှိုနှလုံးသန့် အိပ်ပျော်ဆေး၊ ကံသာအဆီကျဆေး၊ အကြောကျီးပေါင်း၊ လေးဖက်နာဆေးတွေနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုနေပါတယ်" ဟု ဆိုခဲ့သည်။

## သွားရောက်လေ့လာ

မှန်ပေသည်။ စာရေးသူတို့နိုင်ငံသည် ရေ၊ မြေ၊ တော၊ တောင် သဘာဝအရ အရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်နှင့် သစ်သီးသစ်ဥ၊ သစ်မြစ်တို့ သူ့ဒေသနှင့်သူ ဝေစည်ပွင့်ဖူးလျက်ရှိသော ဆေးပေါင်းခသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာသမားတော်ကြီးများ၏ ဖော်စပ်ထုတ်လုပ်ခဲ့သော တိုင်းရင်းဆေးဝါးများကို ယခုကဲ့သို့ တစ်နေရာတည်း စုစုစည်းစည်း ကြည့်ရှုလေ့လာ ဝယ်ယူနိုင်သည့်အတွက် တိုင်းရင်းဆေးဝါးများကို စိတ်ဝင်စားသူတိုင်း သွားရောက်လေ့လာသင့်သော ပြပွဲတစ်ပွဲဖြစ်ပါကြောင်းညွှန်းဆို ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"မြန်မာ့တိုင်းရင်းဆေးတွေကို မြန်မာတိုင်းရင်းသားများသာမက အိမ်နီးချင်း နိုင်ငံတွေကပါ ယုံကြည် သုံးစွဲလာတဲ့အတွက် ဝမ်းသာမိပါတယ်"
ဒေါ်တင်နွယ်ဦး
မှန်ချိုဆေးတိုက်။

"တိုင်းရင်းဆေးပညာဆိုင်ရာ သိသင့် သိထိုက်တာတွေကို ညွှန်ပြပေးနေပါတယ်"
ဦးဝင်းထင်ကျော်
လ/ထညွှန်ကြားရေးမှူး
တိုင်းရင်းဆေးပညာဦးစီးဌာန။

"ဆေးဝါးကျွမ်းကျင်ပညာရှင်များနဲ့ အမြဲစစ်ဆေးစမ်းသပ်နေပါတယ်"
ဦးထွန်းရွှေ
ထွန်းရွှေဝါ
ဆေးဝါးထုတ်လုပ်ရေး။

# ခရီးသည်နှင့်မော်တော်ယာဉ်များ စည်းကမ်းရှိစေချင်

သတင်းမှတ်စု-မောင်မောင်

*ရန်ကုန် မေ ၆*

*ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်ရှိ အင်းစိန်လမ်းဘက်မှ ရန်ကုန်မြို့တွင်းသို့သွားသော ယာဉ်လိုင်းအချို့သည် လှည်းတန်းမီးပွိုင့် (ပြည်မြန်မာကုန်တိုက်ရှေ့)၌ရပ်၍ ခရီးသည် အတင်အချပြုလုပ်နေမှုများကြောင့် ယာဉ်နှစ်ထပ်ဖြစ်ခြင်း၊ မီးပွိုင့်တွင် ကားပိတ်ဆို့မှုများဖြစ်ခြင်း၊ လှည်းတန်းလမ်းဘက်သို့ ကွေ့သွားရမည့်ယာဉ်များ အလွယ်တကူသွားလာ၍မရခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အချို့သော ယာဉ်လိုင်းများမှာ မီးပွိုင့်စိမ်းနေစဉ် လွတ်အောင်မောင်းမည်ဆိုပါက မောင်းနိုင်သော်လည်း မောင်းနှင်ခြင်းမပြုဘဲ နောက်ကားများကို ကျော်တက်ခိုင်းကာ မီးနီမိရန်ချိန်မောင်းပြီး အဆိုပါနေရာ၌ ခရီးသည်တင်လျက်ရှိသည်ကို နေ့စဉ် တွေ့မြင်နေရသည်။* **(ဝဲပုံ)**

*လှည်းတန်း၌နေထိုင်သူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့က နေ့စဉ်ရုံးသွားနေရတော့ နံနက်ဆို ရုံးချိန်အမီပြေးရတယ်ဗျ။ ကိုယ်စီးရမယ့်ကားက ဒီနေရာမှာရပ်ပြီးလူတင်တော့ ကျွန်တော်တို့လည်းမှတ်တိုင်အထိ သွားမနေရတော့ဘူးလေ။ ဒီနေရာကပဲ တက်စီးလိုက်တော့တယ်၊ မှတ်တိုင်အထိသွားရင်လည်း ရုံးတက်ချိန်ဖြစ်တော့ တစ်ခါတလေ မီးပွိုင့်ကို နှစ်ခါသုံးခါလောက်ပြန်မိနေတာမို့ ရုံးနောက်ကျတယ်"ဟု ပြောသည်။ လှည်းတန်း၌ အင်္ဂလိပ်စာဘာသာသင်တန်းတက်နေသူတစ်ဦးကလည်း "ဒီနေရာကို တရုတ်တန်းမှာလို သံဆန်ခါတွေနဲ့ ကာလိုက်ရင်တော့ ခရီးသည်တွေလည်း တက်ဆင်းလို့မရတော့သလို ယာဉ်လိုင်းတွေလည်း ကားကိုရပ်ပြီး ခရီးသည်တွေ တင်ချလုပ်လို့ရမှာမဟုတ်တော့ဘူး"ဟု ပြောသည်။*

*ခရီးသွားပြည်သူအချို့နှင့် ခရီးသည်တင်ယာဉ်အချို့၏ စည်းကမ်းမဲ့စွာ ပြုမူနေမှုများကြောင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်နိုင်ခြင်း၊ ယာဉ်ပိတ်ဆို့မှုကြောင့် အချိန်ကုန် လူပင်ပန်းဆင်းရဲကာ လိုရာခရီးသို့ အချိန်မီ မရောက်နိုင်ခြင်းများ ဖြစ်ရသဖြင့် လူတိုင်းစည်းကမ်းရှိစွာ ပြုမူနေထိုင်သင့်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။*

# လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Ruth Kahanoff သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung သည် မေ ၅ ရက် ညနေ ၃ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အလှူငွေများ ပေးအပ်လှူဒါန်း

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် တာလေဒေသ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်ထံ မိုင်းလား မြို့နယ် ပြည်သူများ၏ လှူဒါန်းငွေကျပ် သိန်း ၄၀၀၊ လောက်ကိုင်ခရိုင် ပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း ၁၆၀၊ မူဆယ်ခရိုင် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၅၁ သိန်း၊ အလှူရှင်များနှင့် ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၃၁၄၉၇၃၀ တို့ကို ပေးအပ်ကြသည်။

# တာလေဒေသ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**လက်ခံ**

ထို့နောက် ပြည့်သျှံပိုင်ကုမ္ပဏီက ငွေကျပ် ၈၄ သိန်းတန်ဖိုးရှိ အဝတ်အထည်ပစ္စည်းများ၊ တောင်ကြီးခရိုင် ပြည်သူများက ငွေကျပ် ၄၇၀၁၅၀၀၊ လားရှိုးခရိုင်ပြည်သူများက ငွေကျပ် ၄၅သိန်း၊ ကျောက်မဲခရိုင် ပြည်သူများက ငွေကျပ် ၄၁၈၅၀၀၀၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ် ၄၀၄၃၆၀၀၊ တောင်ကြီး မြို့နယ် ပြည်သူများက ငွေကျပ် ၃၄၅၀၀၀၀၊ မိုးမိတ်မြို့နယ်ရှိ ဆရာတော် ဦးကောဝိဒနှင့် ဆရာတော်နှစ်ပါးက ငွေကျပ် ၃၃၅၁၉၀၀၊ ကလောမြို့နယ် ပြည်သူများက ငွေကျပ် ၅၈၈၅၀၀၀၊ ညောင်ရွှေ မြို့နယ် ပြည်သူများက ငွေကျပ် ၁၄၅၉၀၀၀၊ ကွမ်လုံခရိုင် ပြည်သူများက ငွေကျပ် ၁၃၃၇၀၀၀၊ လင်းခေးခရိုင် ပြည်သူများက ငွေကျပ် ၁၂ သိန်း၊ ညောင်ရွှေမြို့နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၂သိန်း၊ ပင်လောင်း မြို့နယ် ပြည်သူများက ငွေကျပ် ၉၅၂၅၀၀၊ ဦးစိုင်းဟတ် (မြရတနာ အထည်ဆိုင်)က ငွေကျပ် ၈၂၄၅၀၀၊ လွိုင်လင်ခရိုင် ပြည်သူများက ငွေကျပ် ခုနစ်သိန်း၊ ဦးကြည်ရွှေ (ယစ်မျိုးဆိုင်များကိုယ်စား)က ငွေကျပ် ခြောက်သိန်း၊ တောင်လေးလုံး မြနန္ဒီ သီးနှံအခြောက်ခံစက်ရုံက ငွေကျပ်ငါးသိန်း၊ ကလော မြို့နယ် ရွှေမိတ်သဟ္တုတူးဖော်ရေး လုပ်ငန်းက ငွေကျပ်ငါးသိန်း၊ တောင်ကြီးမြို့ တိုးနယားကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ တောင်ကြီးမြို့ ဟိုတယ်လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်း၊ ညောင်ရွှေဟော်ကုန်းရပ်နေ ဦးကိုကိုဦးက ငွေကျပ် နှစ်သိန်း၊ တောင်ကြီးမြို့နယ် တက်ချောင်ကုမ္ပဏီမှ ဦးသိန်းနိုင်က ငွေကျပ် နှစ်သိန်းနှင့် K and K ကုမ္ပဏီက ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက လက်ခံကြသည်။ အဆိုပါ လှူဒါန်းပွဲတွင် ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေရရှိမှုစုစုပေါင်းမှာ အဝတ်အထည်ပစ္စည်းတန်ဖိုး ငွေကျပ် ၆၂၂၄၅၀၀ အပါအဝင် စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၃၃၃၃၉၇၃၀နှင့် ထိုင်းဘတ်ငွေ ၇၀ တို့ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့တိုင်းရင်းဆေးပြပွဲ၌ ပန်းဝတ်မှုန်ပြခန်း ပါဝင်ပြသ

**ရန်ကုန် မေ ၆**

ရန်ကုန်မြို့ ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ မေ ၅ ရက်မှ ၉ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ ၂၀၁၁ တွင် ပန်းဝတ်မှုန်တိုင်းရင်းဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သည့် အစွမ်းထက် တိုင်းရင်းဆေးများ ပါဝင်ခင်းကျင်း ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

**သက်သာပျောက်ကင်း**

ပန်းဝတ်မှုန် တိုင်းရင်းဆေးဝါး လုပ်ငန်းမှထုတ်လုပ်သည့် ပန်းဝတ်မှုန် အပူငြိမ်းဆေးသည် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးတုန် ရင်ခုန်မူးမော်ခြင်း၊ သွေးအားနည်းခြင်း၊ ဓမ္မတာမမှန်ခြင်း၊ ချွေးထွက်လွန်ခြင်း၊ အသားအရေပူခြင်း၊ ဆီးပူခြင်း၊ လေပူထခြင်း၊ ရင်ပူခြင်း၊ နှုတ်ခမ်းကွဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပါးစပ်နံခြင်း၊ သလိပ်ပုပ်ခြင်းနှင့် ချောင်းဆိုးခြင်းများကို သက်သာပျောက်ကင်းစေသည်။ နေ့စဉ် မှန်မှန်သုံးစွဲပါက စားကောင်းအိပ်ပျော်ပြီး ဦးနှောက်ကို ကြည်လင်လန်းဆန်းစေသည်။

ပန်းဝတ်မှုန်သွေးသန့်ဆေးသည် ဝက်ခြံ၊ တင်းတိပ်၊ ဝဲ၊ နှင်းခူ၊ ယားနာ၊ သွေးစုနာများပေါက်ခြင်း၊ အကျိတ်ရောင်ခြင်း၊ ဓမ္မတာမမှန်ခြင်း၊ ထိမ်ခြင်း၊ ငုပ်ခြင်း၊ အညိုကွက်များထွက်ခြင်း၊ မျက်စိနာ၊ မျက်စိမှုန်၊ မျက်ရည်ယို၊ မျက်စိစွန်ခြင်း၊ ခေါင်းမူးခြင်း၊ ဇက်ကြောတက်ခြင်းတို့ကို သက်သာပျောက်ကင်းစေကြောင်း သိရသည်။

**ဆက်သွယ်နိုင်**

ပန်းဝတ်မှုန် တိုင်းရင်းဆေးများကို ဆရာမဒေါ်မိမိသက် (ဒ-ဘ-ဗ-ဝ) ပန်းဝတ်မှုန် တိုင်းရင်းဆေးဝါး လုပ်ငန်း အမှတ် ၄၄ ဓမ္မရာဇာ ၂ လမ်း (၁၀) ရပ်ကွက် တောင်ဥက္ကလာပ မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၆၉၃၇၃၊ ၀၉-၅၀၀၃၀၆၂နှင့် ၀၉-၅၁၈၇၉၀၁ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၅-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၃၀ ၈။ တေးဂီတအစီအစဉ်
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ အတီးပြိုင်ပွဲ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၀၀ ၅။ Yan Can Cook
- ၁၂:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၉)
- ၁၃:၁၅ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၁၃:၂၀ ၈။ သန့်ရှင်းသောစွမ်းအင်များ
- ၁၃:၃၀ ၉။ **လှပခြင်း၏အဓိပ္ပာယ်** အကယ်ဒမီဇင်ဝိုင်း၊နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊စုချစ်ဇော် (ဒါရိုက်တာ-ဦးခင်ဇော်)
- ၁၄:၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၄:၂၅ ၁၁။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
- ၁၄:၃၅ ၁၂။ အဆိုပြိုင်ပွဲ
- ၁၄:၅၀ ၁၃။ International News

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အတီးပြိုင်ပွဲ
- ၄:၃၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၇။ **ရှင်သန်ခြင်း**
- ၅:၃၅ ၈။ ဂီတသံစဉ်အလှဆင်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆:၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၈)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၁၁)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၃)
- ၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၂၀။ အစီအစဉ်ပြီး၏။

**ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

## လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။ (မီးသတ်ဦးစီးဌာန)

# အောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၆**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မေ ၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# ချင်းပြည်နယ် ဝန်ကြီးချုပ် တာတ်အားဖြန့်ဖြူးရေး စစ်ဆေး

**နေပြည်တော် မေ ၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အတွင်းရှိကျေးရွာရေအားလျှပ်စစ်လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးကြပ်မတ်ရေး၊ ရေအားလျှပ်စစ်ရနိုင်သောနေရာများ ရှာဖွေတင်ပြရေး၊ လောင်စာဆီသုံးစွဲမှု စနစ်တကျရှိရေး၊ လျှပ်စစ်မီးလင်းရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ *ရွှေ့ဖုံးမှ*

''ကျွန်တော်တို့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မှာ ယခုနှစ် မိုးရာသီအတွင်းစိုက်ပျိုးမယ့် ကျွန်းနဲ့ သစ်မာ(ယူကလစ်)ပင်တွေ အဓိက ပျိုးထောင်ထားတယ်။ လုပ်ငန်းစီမံချက်အဖြစ် တစ်အိမ်ထောင် ကျွန်းသုံးပင်နှုန်းနဲ့

**'' ကျွန်တော်တို့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မှာ ယခုနှစ် မိုးရာသီအတွင်း ကျေးရွာပေါင်း ၃၅ ရွာမှာ ကျွန်းနဲ့ သစ်မာ(ယူကလစ်) ပင်တွေ စိုက်ပျိုးသွားဖို့ စီစဉ်ထားပါတယ်''** ဦးဆန်းမြင့်ထွန်း ဦးစီးအရာရှိ။

အိမ်ထောင်စုပေါင်း ၂၁၇၀ မှာ ကျွန်းပင်ပေါင်း ၆၅၁၀ ပင်၊ တစ်အိမ်ထောင် သစ်မာပင် ၂၀ နှုန်းနဲ့ အိမ်ထောင်စုပေါင်း ၃၇၇၅ အိမ်မှာ အပင်ပေါင်း ၇၅၅၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ရွာအားဖြင့် ၃၅ ရွာမှာ စိုက်ပျိုးမှာဖြစ်ပါတယ်။

**ဖြန့်ဝေပေး**

''ဒါ့အပြင် ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် လမ်းသစ် ဆက်သွယ်သည့် လမ်းဘေးဝဲယာ တစ်လျှောက် ကျွန်းအပင် ၁၈၀၀၀၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသစ် တစ်လျှောက် ကျွန်းအပင် ၁၀၀၀၀၊ လူတစ်ဦး ကျွန်းတစ်ပင်နှုန်းနဲ့ ကျွန်းအပင် ၄၀၀၀၀၊ ဌာနဆိုင်ရာများသို့ အပင်မျိုးစုံ ၁၂၄၃၅ ပင် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်'' ဟု ဦးဆန်းမြင့်ထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်တွင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၈၅၀၊ ရေဝေရေလဲ စိုက်ဧက ၂၀၀ နှင့် သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးမှု ဧက ၈၀၀ ကိုလည်း ထူထောင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ သစ်ပင်မျိုးပင်များကို မိုးရာသီ သစ်ပင်စိုက်ပျိုးရေး လများတွင် မြို့နယ်သစ်တောဦးစီးဌာနများမှ အခမဲ့ ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုးချဲ့**

ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုများ ဖောက်ပြန်လျက်ရှိရာ အဓိကအကြောင်းအရင်းတစ်ရပ်မှာ သစ်တောများ ပြုန်းတီးလာခြင်းကြောင့်ဖြစ်သည်။ ''ဥတုရာသီ တောကိုမှီ၏'' ဟု ဆောင်ပုဒ်ရှိသည်။ သစ်ပင်သစ်တောများ၏ အခြေအနေပေါ်မူတည်၍ ရာသီဥတုမှာလည်း ပြောင်းလဲလျက်ရှိသည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ အဆိုအရ သစ်တောသစ်ပင်များ မဆင်မခြင်ခုတ်လှဲခြင်း၊ စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ခြင်း၊ တောမီးရှို့ခြင်းတို့ကြောင့် နှစ်စဉ်ကမ္ဘာ့သစ်တော စတုရန်းကီလိုမီတာ ၁၃၀၀၀၀ ပြုန်းတီးပျက်စီးလျက်ရှိသည်ဟု ဆိုထားသည်။

**ထိန်းညှိပေး**

ကမ္ဘာကြီးပူနွေးလာရသည့် အဓိက အကြောင်းအရင်းတစ်ရပ်မှာ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့် ဖြစ်သည်။ ကာဗွန်တန်ချိန် တစ်ထရီလီယံကို ကမ္ဘာ့သစ်တောများက စုပ်ယူထားကြောင်း အက်ဖ်အေအိုက ခန့်မှန်းထားသည်။ ယင်းကာဗွန်တန်ချိန်မှာ ကမ္ဘာ့လေထုအတွင်းရှိ ကာဗွန်ပမာဏ၏ ထက်ဝက်မျှရှိသည်ဟုဆိုသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးမှုကို သစ်တောသစ်ပင်များက ထိန်းညှိပေးကြောင်း ထင်ရှားသည်။

ထို့ကြောင့်ပင် သစ်တောရေးရာဝန်ကြီးဌာန၏ **''သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ၊ သာယာလှပစိမ်းမြမြ''** **''သစ်တောနှင့်သစ်ပင်ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး''** ဟူသော ဆောင်ပုဒ်များအတိုင်း ပြည်သူတစ်ရပ်လုံး အနေဖြင့် ချမှတ်ထားသည့် တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေး၊ သစ်မာအပင် ၂၀ စိုက်ပျိုးရေး၊ စီးပွားဖြစ် ကျွန်းစိုက်ခင်းများထူထောင်ရေး စသည့် သစ်ပင်စိုက်ပျိုးရေး စီမံချက်များကို အကောင်အထည်ဖော် စိုက်ပျိုးနိုင်ကြစေရန် မြန်မာ့အလင်းက တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

**နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော တမာပျိုးခင်းကို ဤသို့ တွေ့ရသည်။**

# ဆေးပညာသတင်းဆန်းများ (၁၄)

**ဒေါက်တာ ကံညွန့်**

အမှန်တော့ ဆံပင်ဖြူတယ်ဆိုတာ အိုမင်းရင့်ရော်ခြင်းရဲ့သင်္ကေတတစ်ခုလို့သာ အများကမှတ်ယူထားကြတာပါ။ ဒါပေမယ့် Melanoma ဆိုတဲ့ အရေပြားကင်ဆာရောဂါကို ကုသမှုခံယူနေရတဲ့ ရောဂါရှင်တွေအတွက်တော့ ဆံပင်ဖြူလာခြင်းဟာ ကုသမှုထိရောက်ခြင်းရဲ့ အသိသာဆုံး လက္ခဏာပဲလို့ ပြောလိုက်ကြပါတယ်။ ဒီတွေ့ရှိချက်ကတော့ အမေရိကန်နိုင်ငံ Chicago မြို့က ကင်ဆာသုတေသီတွေရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ သူတို့ဟာ Melanoma ရောဂါရှင်တွေကို Bristol ကုမ္ပဏီကထုတ်တဲ့ Ipilimumab ဆိုတဲ့ ဆေးနှင့် Pfizer ကုမ္ပဏီကထုတ်တဲ့ Tremelimumab ဆိုတဲ့ ဆေးနှစ်မျိုးနှင့် စမ်းသပ်ကုသရာမှာ အောင်မြင်စွာတွေ့ရှိရတာလို့ ဆိုပါတယ်။

Melanoma ရောဂါဟာ အမေရိကန်မှာ အသက် ၂၅ နှစ်က ၂၉ နှစ်အရွယ်တွေ အဖြစ်များတဲ့ အရေပြားကင်ဆာရောဂါပါ။ ဒီရောဂါဟာ အကာအကွယ်မဲ့ အကြာကြီးနေရောင်ခံမှုကြောင့်လည်း ဖြစ်နိုင်ပြီး အမျိုးသမီးအများစုဟာ အရေပြားအရောင်လှအောင် နေရောင်ခံခြင်းသို့မဟုတ် နေရောင်ခံသလို Indoor Tanning Saloon တွေမှာ ပြုလုပ်ကြခြင်းကြောင့် ဖြစ်ရတယ်ဆိုပါတယ်။

အဲဒီလိုလုပ်ခြင်းကို အမေရိကန်နိုင်ငံမှာ စပေါ်လာခဲ့တဲ့ ၁၉၉၂ ခုနှစ်ကစပြီး ဒီရောဂါဖြစ်နှုန်းဟာ ၂ ရာခိုင်နှုန်းခန့် တိုးလာခဲ့တယ်လို့ ဆိုပါတယ်။ ဒီကင်ဆာရောဂါဟာ အရေပြားကင်ဆာအားလုံးရဲ့ ၃ ရာခိုင်နှုန်းခန့်နှင့် လူငယ်တွေ အထူးသဖြင့် အမျိုးသမီးတွေမှာ အဖြစ်များဆုံး ကင်ဆာရောဂါဖြစ်ပြီး အမေရိကန်တစ်နိုင်ငံတည်းမှာကို တစ်နှစ်လျှင် လူ ၈၀၀၀ နီးပါး သေဆုံးရတဲ့ရောဂါလို့ သိရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မျက်စိရောဂါစမ်းသပ်စစ်ဆေးခြင်းဟာ ဦးနှောက်နှင့် အာရုံကြောရောဂါတွေကိုလည်း တစေ့တစောင်း သိနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ သွေးတိုးတို့၊ ဆီးချိုရောဂါတို့တွေကြောင့် မျက်စိအတွင်းသွေးကြောမှာ ပြောင်းလဲနေတာတွေဟာ ဦးနှောက်မှာ ပြောင်းလဲတာနဲ့တူပါတယ်။ တချို့ဦးနှောက်မှာ ပေါ်နေတဲ့ အလုံးအကျိတ်တွေကိုလည်း မျက်စိရဲ့ အာရုံကြောထိပ်ပိုင်းကိုကြည့်ပြီး သိနိုင်ပါတယ်။ ဒါကြောင့် မျက်စိဟာ ဦးနှောက်ရဲ့ ပြတင်းပေါက်လို့ တင်စားခေါ်ခဲ့ကြတာပါ။

အခုလည်း မျက်စိစမ်းသပ်မှုမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ Optical Coherence Tomography အတိုကောက် (OCT) လို့ခေါ်တဲ့ မျက်စိရဲ့အာရုံကြောလွှာ (Retina) ကို Computer ဓာတ်ပုံရိုက်ပြီး စစ်ဆေးခြင်းဖြင့် Mutiple Sclerosis လို့ခေါ်တဲ့ ဦးနှောက်နှင့် အကြောရောင်ရောဂါတစ်မျိုးကို စောစီးစွာသိနိုင်တယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Dallas မြို့ South Western Medical Centre က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပြီး မျက်စိအာရုံကြောအလွှာဟာ ဒီရောဂါခံစားရသူတွေမှာ သိသိသာသာ ပါးလွှာသွားတယ်လို့ ဆိုပါတယ်။ ဒီစမ်းသပ်နည်းကို အဲဒီရောဂါခံစားရသူတွေကို Diagnosis ပြုလုပ်ရာတွင်မကဘဲ ကုသမှုထိရောက်ခြင်း ရှိ မရှိကိုလည်း စမ်းသပ်ရာမှာပါ အသုံးပြုနိုင်တယ်ဟု သိရကြောင်းပါခင်ဗျား။

ကလေးသူငယ်တွေ အဝလွန်မှုဟာ အမေရိကန်နိုင်ငံမှာ ယခုဆယ်စုနှစ်အတွင်း အထူးများပြားလာပြီး အမေရိကန်တစ်နိုင်ငံလုံးရှိ ၁၀ နှစ်အောက်ကလေး သုံးယောက်မှာ တစ်ယောက် အဝလွန်နေတယ်လို့ သိရပါတယ်။ ဒါကြောင့် အမေရိကန်သမ္မတ အိုဘားမားရဲ့ ကတော်ကိုယ်တိုင်ပါဝင်တဲ့ Campaign တစ်ခုဖွဲ့ပြီး နှစ်တစ်နှစ်ရဲ့တစ်လ စက်တင်ဘာလကို အဝလွန်မှုတိုက်ဖျက်ရေးလအဖြစ် သတ်မှတ်ဆောင်ရွက်နေကြပြီလို့ သိရပါတယ်။ ကလေးတွေကို တယ်လီဗွီးရှင်းတစ်နေ့မှာ ၁ နာရီထက်ပိုမကြည့်ဘဲ ကိုယ်လက်လှုပ်ရှားဖို့၊ အချိုရည်သောက်တာကို လျှော့ချဖို့စတဲ့ အချက်အလက်တွေ မိဘတွေကို တိုက်တွန်းနှိုးဆော်ဖို့ ပါဝင်ပါတယ်။

အချိုရည်မှာ အဓိကပါဝင်တဲ့ Fructose ခေါ်တဲ့ သကြားဓာတ်တချို့ဟာ ကိုယ်ခန္ဓာထဲမှာ သွေးထဲက Fat Cell တွေကို လျင်မြန်စွာပွားများစေတာကြောင့် အချိုရည်သောက်များတဲ့ ကလေးတွေမှာ ပိုဝလာရတာလို့ American Dietetic Association က ထောက်ပြထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အဝလွန်ရောဂါနှင့်ပဲ ပတ်သက်နေပါတယ်။ အမျိုးသမီးတွေ ဝမလာအောင် အသုံးပြုနေကြတဲ့ ဆေးနှစ်မျိုးဖြစ်တဲ့ Roch ကုမ္ပဏီကထုတ်တဲ့ Xenical ဆိုတဲ့ဆေးနှင့် Glaxo ကုမ္ပဏီကထုတ်တဲ့ Orlistat ခေါ်တဲ့ Alli ဆေးနှစ်မျိုးဟာ တာရှည်စားသုံးသူတွေမှာ အသည်းထိခိုက်ရောဂါရစေတယ်ဆိုတဲ့ သတင်းပါပဲ။ ဒါကို အမေရိကန် Food and Drug Association (FDA) အဖွဲ့ကြီးက ၁၉၉၉ ခုနှစ် ဧပြီလကနေ ၂၀၀၉ ခုနှစ် ဩဂုတ်လအထိ ဒီဆေးစားသုံးသူတွေကို လေ့လာပြီး ကြေညာလိုက်တာ ဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားဒီဆေးနှစ်မျိုးသုံးစွဲနေကြတဲ့ လူဦးရေပေါင်း သန်း ၄၀ ကျော်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ သွားအတွက် ဓာတ်မှန်ရိုက်ခြင်းနဲ့ပတ်သက်တဲ့ ဗြိတိန်ကဆေးပညာရှင်တွေထံမှာ ထွက်ပေါ်ခဲ့တဲ့သတင်းတစ်ပုဒ်ပါ။ ဒါကတော့ သွားရောဂါအတွက် ရိုက်ရတဲ့ ဓာတ်မှန်ကိုခဏခဏပြုလုပ်ပါက လည်ပင်းအပေါ်ပိုင်းနားမှာရှိတဲ့ Thyroid Gland ကင်ဆာဖြစ်တယ်ဆိုတဲ့ သတင်းပါပဲ။ Thyroid Gland ဟာ တခြား Gland တွေထက် Radiation ဒဏ်ကို ပိုပြီးခံစားလွယ်တာကြောင့် ဖြစ်ပြီး ကလေးတွေမှာ ပိုဖြစ်တယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို ဗြိတိန်နိုင်ငံ Brighton and Sussex Medical School မှ ဆရာဝန်များက တင်ပြခဲ့တာဖြစ်ပြီး လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကပဲ ဒါကိုဆေးပညာမှတ်တမ်းများ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် တချို့က တံတွေးအိတ်ကင်ဆာ (Salivary Gland Cancer) နှင့် ဦးနှောက်ကင်ဆာရောဂါတွေကိုပါ ဖြစ်စေနိုင်တယ်လို့ တင်ပြထားပါတယ်။ ဒါကြောင့် ဗြိတိန်နိုင်ငံက သွားဆရာဝန်များနှင့် သွားလက်ထောက်ဓာတ်မှန်ပညာရှင်များကို အမှန်တကယ်လိုအပ်မှသာ သွားဓာတ်မှန်ရိုက်ခြင်းကို ဆောင်ရွက်ကြဖို့ Daily Telegraph သတင်းစာကတစ်ဆင့် နှိုးဆော်ထားကြောင်း တင်ပြထားပါတယ်။

ဓာတ်မှန်နှင့်ဆိုင်တဲ့ အမေရိကန်နိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာလည်း ကလေးသူငယ်တွေကို ဓာတ်မှန်ရိုက်ဖို့လိုရင် Less is Best ဆိုတဲ့ဆောင်ပုဒ်ကို သတိရဖို့ နှိုးဆော်ထားပါတယ်။ ALARA ဆိုတဲ့ အတိုကောက်စကားလုံးကိုလည်း အသုံးပြုဖို့ တိုက်တွန်းထားပါတယ်။ အဲဒါရဲ့အရှည်ကတော့ As Low As Reasolably Achievable ဖြစ်နိုင်ရင် နည်းနိုင်သလောက် နည်းနည်းဆိုတဲ့သဘောပါပဲ။ ကလေးသူငယ်တွေဟာ လူကြီးတွေထက် Radiation စွမ်းအားကို ပိုပြီး (Sensative) စုပ်ယူနိုင်တာကြောင့် သတိထားဖို့ နှိုးဆော်ထားတာဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ စပိန်နိုင်ငံ ဘာစီလိုနာမြို့က ဆေးပညာရှင်တစ်စုရဲ့ လေ့လာထားချက်ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားနှင့် အမျိုးသမီးတွေမှာ အမျိုးသမီးတွေဟာ သက်တမ်းပိုရှည်စွာ နေကြရပေမယ့် သူတို့က မသန်မစွမ်းဖြစ်ဖို့ ပိုအခွင့်အလမ်းရှိတယ်လို့ ၁၉၈၂ ခုနှစ်ကစပြီး လူပေါင်း ၄၂၄၄ ဦးကို လေ့လာထားတဲ့ စာတမ်းတစ်စောင်မှာ တင်ပြထားပါတယ်။ ကျားရော မရော အသက် ၆၄ နှစ်ကျော်လာတဲ့အခါ အမျိုးသားတွေမှာ မသန်မစွမ်းဖြစ်ဖို့ ၃၀ ရာခိုင်နှုန်းသာရှိပေမယ့် အမျိုးသမီးတွေမှာတော့ မသန်မစွမ်းဖြစ်ဖို့ ၅၃ ရာခိုင်နှုန်းရှိတယ်လို့ တင်ပြထားပါတယ်။ ဒါဟာ အမျိုးသမီးတွေမှာရှိတဲ့ Oestrogen ဟိုမုန်းဓာတ်ကြောင့်ဖြစ်နိုင်ပြီး အမျိုးသမီးတွေဟာ သွေးဆုံးသွားတဲ့အခါ ယင်းဟိုမုန်းဓာတ်လျော့သွားပြီး Osteoporosis ဆိုတဲ့ အရိုးဆက်ရောဂါ ရတတ်ကြလို့ပဲလို့ ယူဆရကြောင်း တင်ပြထားကြပါတယ်။

ဝမ်းသာစရာ ဆေးပညာသတင်းတစ်ပုဒ်ကိုလည်း အသိပေးချင်ပါတယ်။ အဲဒါကတော့ Stem Cell နှင့် ပတ်သက်တဲ့ သုတေသနလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ဖို့ ပထမဆုံး Stem Cell Research Centre ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Los Angeles အနီးက University of Califonia in Irvine (UCI) မှာ စတင်ဖွင့်လှစ်လိုက်ပြီဆိုတဲ့ သတင်းပါပဲ။ ဒါဟာ Stem Cell နှင့် ပတ်သက်ပြီး အကြီးကျယ်ဆုံး သုတေသနပြုလုပ်ရာဌာနဖြစ်ပြီး Stem Cell နှင့် ပတ်သက်ပြီး ဆေးကုစမ်းသပ်ခြင်း၊ နည်းလမ်းရှာဖွေခြင်း၊ သင်တန်းပို့ချခြင်းစတဲ့ လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်မှာဖြစ်ပြီး ဒီဌာနကြီးကို Califonia Institute for Regenerative Medicine (CIRM) ဌာနက စီမံခန့်ခွဲပြီး ဒေါ်လာ ၃ ဘီလီယံသုံးစွဲသွားမှာလို့ သိရပါတယ်။ ဒီဌာနကြီးပေါ်လာတာနဲ့ မရှေးမနှောင်းပါပဲ အမေရိကန်အစိုးရက ခွင့်မပြုသေးခဲ့တဲ့ သန္ဓေသားအိမ်ထဲက Stem Cell ကိုယူပြီး ဆေးကုသခြင်းကိုလည်း ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ထိခိုက်ဒဏ်ရာကြောင့် ကျောရိုး (Spinal Cord) ချို့ယွင်းသွားသူ၊ (Alzeimer) ခေါ် ဦးနှောက်ချို့ယွင်း အမေ့လွန်ရောဂါဖြစ်ရသူတွေနှင့် ဆီးချိုဝေဒနာရှင်၊ တခြားမျက်စိ၊ အသည်း၊ အဆုတ်၊ နှလုံးတို့လို ကိုယ်အင်္ဂါအစားထိုးကုသရမယ့် ဝေဒနာရှင်ပေါင်း မြောက်မြားစွာအတွက် အထူးအကျိုးရှိတော့မှာဖြစ်ကြောင်း သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ပါတယ်။

နောက်သတင်းတစ်ခုကလည်း Stem Cell နှင့် ပတ်သက်တဲ့ ဝမ်းသာစရာသတင်းပါပဲ။ ဒီသတင်းကတော့ ကျွန်တော်တို့နိုင်ငံနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံကလာတဲ့ သတင်းပါ။ ဒီသတင်းကတော့ လူတွေမှာတွေ့ရတဲ့ Gene အမျိုးပေါင်း ၂၁၀၀၀၀ ကျော်ထဲက လူသားသန္ဓေတည်စမှာ ဖြစ်ပေါ်တဲ့ Gene ထဲက ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ထပ်ဆင့်မျိုးပွား ဖြစ်စေနိုင်စွမ်း (Pluripotency) ရှိတဲ့ Gene ဖြစ်တဲ့ Gene အမှတ် PRDM 14 ဆိုတာကို တွေ့ရှိပြီဆိုတဲ့သတင်းပါပဲ။ ဒါဟာ Human Embryonic Stem Cell (HESCs) ရဲ့ အလွန်အရေးကြီးတဲ့ တွေ့ရှိချက်ဖြစ်ပြီး ဒီတွေ့ရှိချက်ကြောင့် ရောဂါပေါင်းမြောက်မြားစွာကို ကာကွယ်ရာမှာရော ကုသရာမှာပါ လမ်းပွင့်သွားမှာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာလည်း အနောက်နိုင်ငံကြီးတွေနှင့် အမီလိုက်ပြီး ခေတ်မီဆေးပညာတွေကို သုတေသနပြု လေ့လာနိုင်တဲ့ အာရှနိုင်ငံတစ်ခုပါ။ Singapore Agency of Science, Technology and Research (ASTAR) ဆိုတဲ့ အဖွဲ့ကြီးအောက်မှာ Genome Institute of Singapore နှင့် Institute of Molecular and Cell Biology (IMCB) ဆိုပြီး ဌာနကြီးနှစ်ခုဖွင့်ပြီး ဆေးသိပ္ပံရှင်တွေနှင့် လေ့လာနေခဲ့ကြတာပါ။ ဒါကြောင့် Stem Cell နှင့်ပတ်သက်လာရင် အားတက်စရာ ဖြစ်လာပါပြီဆိုတာ တင်ပြရင်း ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

# တရုတ်ရုပ်ရှင်မင်းသမီး လီပင်းပင်း

ပေကျင်း မေ ၆

တရုတ်ရုပ်ရှင်မင်းသမီး လီပင်းပင်းသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ကိန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်မည်ဖြစ်ကြောင်း မေ ၆ ရက်၌ ၎င်းကပြောကြားသည်။

မေ ၁၀ ရက်မှ ၂၀ ရက်အထိကျင်းပမည့် ကိန်းရုပ်ရှင်ပွဲတော်သို့တက်ရောက်ရန် လီပင်းပင်း(အပေါ်ပုံ)အား ကိန်းရုပ်ရှင်ပွဲတော်ကျင်းပရေးကော်မတီက ဖိတ်ကြားထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် အောင်မြင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီး လီပင်းပင်းသည် အသက် ၃၅ နှစ်အရွယ်ရှိပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ ရုပ်ရှင်စတင်ရိုက်ကူးခဲ့သူဖြစ်သည်။ ရှန်ဟိုင်းဒရာမာ သိပ္ပံကျောင်းဆင်းဖြစ်သူ လီပင်းပင်းသည် Waiting Alone ရုပ်ရှင်ဇာတ်ကား၌ စတင်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီး ၂၀၀၅ခုနှစ်က အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု ရရှိခဲ့သည်။ တစ်ဖန် ၁၉၉၉ခုနှစ်က စင်ကာပူရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုရရှိခဲ့ပြီး ၂၀၀၁ခုနှစ်က Young Justice Bao ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့ရာ ပရိသတ် အထူးနှစ်သက်အားပေးခဲ့ကြသည်။ ထို့အတူ (၁၂)ကြိမ်မြောက် ပေကျင်းရုပ်ရှင်ပွဲတော်တွင် The Most Popular Actress ဆုရရှိခဲ့ပြီး ၂၀၀၇ခုနှစ်၌ The Knot ဇာတ်ကားဖြင့် အကောင်းဆုံးသရုပ်ဆောင်ဆုရရှိခဲ့သည်။

ရုပ်ရှင်မင်းသမီး လီပင်းပင်းသည်ဂျက်ကီချန်းနှင့် ပူးတွဲသရုပ်ဆောင်ကာ ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကိုရီးယားယဉ်ကျေးမှုဆိုင်ရာ သံတမန်အဖြစ်လည်း ဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂချစ်ကြည်ရေး သံတမန်အဖြစ်လည်း တာဝန်ယူလုပ်ကိုင်ပေးနေသူဖြစ်သည်။ ရုပ်ရှင်မင်းသမီးလီပင်းပင်းမှာ သရုပ်ဆောင်နှင့်အဆိုတော်ဖြစ်ပြီး ချောမောသူဖြစ်ရာ အမျိုးသားမိတ်ဆွေပေါ်များသူလည်း ဖြစ်သည်။

(အင်တာနက်)

# စူပါမင်း ရုပ်ရှင်မင်းသား ဟင်နရီကာဗယ်နှင့် အမြင့်ခုန်အားကစားမယ် တာကာတို့ စေ့စပ်ပြီ

မောင်မောင်မြင့်ဆွေ
ရေးသားသည်

လန်ဒန် မေ ၆

စူပါမင်းရုပ်ရှင်ဇာတ်ကားတွင် စူပါမင်းအဖြစ် ပါဝင်သရုပ်ဆောင်နေသည့် ဗြိတိန်ရုပ်ရှင်မင်းသား ဟင်နရီကာဗယ်သည် အီလ်လန်ဝစ်တာကာနှင့် တရားဝင်စေ့စပ်လိုက်ပြီဖြစ်ကြောင်း မေ ၆ရက်၌ ဗြိတိန်မီဒီယာများက ဖော်ပြသည်။ **(ယာပုံ)**

အီလ်လန်ဝစ်တာကာသည် ဗြိတိသျှအမြင့်ခုန်အားကစားမယ်တစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် လောလောဆယ် လေ့ကျင့်မှုများပြုလုပ်နေသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အမေရိကန်ဟောလိဝုဒ်သို့ မကြာမီ ခရီးထွက်ရန်စီစဉ်ထားပြီး အနုပညာလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်ရန်ဖြစ်သည်။

"သူ ကျွန်မကိုလက်ထပ်ဖို့ ခွင့်တောင်းလိမ့်မယ်လို့ မယုံကြည်ခဲ့ပါဘူး။ အခုတော့ တကယ်ဖြစ်လာပါပြီ။ ဒီအတွက် ကျွန်မတို့နှစ်ဦးစလုံး ပျော်ရွှင်နေပါတယ်" ဟု အီလ်လန်ဝစ်တာကာက ပြောကြားသည်။

အသက် ၂၈ နှစ်အရွယ်ရှိ အီလ်လန်ဝစ်တာကာအား လက်ထပ်ခွင့်ပြုရန် သူမ၏ဖခင်ဖြစ်သူ စတီဖန်အား စူပါမင်းရုပ်ရှင်မင်းသား ဟင်နရီကာဗယ်က ခွင့်တောင်းခဲ့ပြီး ယခုကဲ့သို့ စေ့စပ်ခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

## Pirates of the Caribbean 4 ဇာတ်ကားပြသမည်

တမ်ပါ မေ ၆

အမေရိကန်နှင့် ကနေဒါနိုင်ငံများ အပါအဝင် ဥရောပနိုင်ငံများ၌ Pirates of the Caribbean 4 ရုပ်ရှင်ဇာတ်ကားအား မကြာမီ ပြသတော့မည် ဖြစ်သည်။

၎င်းဇာတ်ကား (ဝဲပုံ)ကို မေ ၂၀ ရက်၌ စတင်ပြသရန် စီစဉ်ထားပြီး ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိမည်ဟု ၎င်းရုပ်ရှင်ရိုက်ကူးသည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘရုနက်က ပြောကြားသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားမှာ ကာရေဘီယံပင်လယ် ရေပြင်မှ ပင်လယ် ဓားပြများ၏ အပိုင်စီးမှုများ၊ ပြန်ပေးငွေများတောင်းဆိုမှုနှင့် အခြားဖြစ်ရပ်များကို ဇာတ်လမ်းဆင် ရိုက်ကူးထားခြင်းဖြစ်သည်။

Pirates of the Caribbean 4 ရုပ်ရှင်ဇာတ်ကားမှာ ကမ္ဘာ့စိတ်ဝင်စားမှုအရှိဆုံးရုပ်ရှင်ဇာတ်ကားများတွင် တစ်ကား အပါအဝင်ဖြစ်သည်။ (အင်တာနက်)

## မြဝတီရုပ်မြင်သံကြား

၇-၅-၂၀၁၁ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့ဘောကြယ်ပွင့်များ** (အပိုင်း-၁)
၁၂း၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **သံယောဇဉ်** မြင့်မြတ်၊ မို့မို့မြင့်အောင်၊ စန္ဒီမြင့်လွင်နှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-နေပိုင်)
၁၃း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၆၄)

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃ ၇။ မြန်မာသံစဉ်
၄း၃၀ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၄၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၁၀။ ကုန်သွယ်သုတ
၄း၅၅ ၁၁။ အားလုံးရဲ့တာဝန်
၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၆။ လျှပ်တစ်ပြက်
၆း၂၀ ၁၇။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၁၈။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၅)
၈း၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ အမျိုးသားရေးတေးကဗျာ
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ လူရွှင်တော်စကား
၂၅။ အင်္ဂလိပ်စာသုတ
၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၁၂)
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၀)

# SEASON OF THE WITCH ဇာတ်ကားသစ် ရွှေ့ဆောင်၌ ရုံဝင်လာ ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

**ရန်ကုန် မေ ၆**

ယခုသီတင်းပတ် (သောကြာ) မေ ၆ ရက်၌ ရွှေ့ဆောင်ရုံတွင် SEASON OF THE WITCH ဇာတ်ကားသစ်ရုံဝင်လာပြီး ကျန်ရုပ်ရှင်ရုံများ၌ ပြသဆဲရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။

**စွန့်စားမှုအက်ရှင်ကားဖြစ်**

SEASON OF THE WITCH ဇာတ်ကားမှာ ဒါရိုက်တာ Dominic Sena ရိုက်ကူးပြီး သရုပ်ဆောင် Nicolas Cage ၊ Ron Perlman၊ Wlrich Thomsen နှင့် Claire Foy တို့ ပါဝင်သရုပ်ဆောင်ထားသည့် စွန့်စားမှုအက်ရှင်ဇာတ်ကားဖြစ်သည်။

ခရူးဆိတ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သူ Behmen အဖြစ် Nicolas Cage၊ အရင်းနှီးဆုံးရဲဘော် Felson အဖြစ် Ron Perlman ၊ စုန်းပညာတတ်သည်ဟု စွပ်စွဲခံရသူ The Girl အဖြစ် Claire Foy တို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြပြီး ကပ်ဆိုးကြီးတစ်ခုကို အားလုံးစုပေါင်း၍ အသေအကျေ ရင်ဆိုင်တိုက်ခိုက်ကြပုံကို ရိုက်ကူးထားရာ ပရိသတ်စိတ်ဝင်စားဖွယ်ရာ စွန့်စားခန်းများအဖြစ် မြင်တွေ့ရှုစားကြရမည်ဖြစ်သည်။ **(အောက်ပုံ)**

## ကိုလင်း (ရုပ်ရှင်သတင်းထောက်)

**အောင်ပွဲခံ**

သမ္မတ၊ သွင်နှင့် မင်္ဂလာ ရုပ်ရှင်ရုံတို့တွင် **အလန်းဇယား** ဇာတ်ကားဆက်လက် အောင်ပွဲခံနေပြီး နေပြည်တော်ရုံတွင် DRIVE ANGRY ဇာတ်ကား ဆက်လက်ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ပါသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့အလင်း မှုခင်းသတင်း

# ဒိုင်နာယာဉ် ပလက်ဖောင်းကျော်ပြီး ကွမ်းယာဆိုင်ကို တိုက်မိ

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း (၈)မိုင်မီးပွိုင့်လမ်းဆုံ ကားမှတ်တိုင်အနီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

**အရှိန်မထိန်းနိုင်**

ဖြစ်ပွားပုံမှာ မြောက်ဥက္ကလာပမြို့နယ် ခေမာ(၄)လမ်းနေ (အဖ) ဦးသန်းညွှန့်၏သား မောင်ကျော်စွာ (၃၂) နှစ် မောင်းနှင်လာသော သဃ်န်းကျွန်းနှင့် သီရိမင်္ဂလာဈေး ပြေးဆွဲနေသည့် အနောက်ပိုင်းခရိုင် (မ·ထ·သ)လိုင်းအမှတ်(၁၀၂)မှ ယာဉ်အမှတ်(၃ခ/----)ဒိုင်နာအဖြူရောင် မော်တော်ယာဉ်သည် ကမ္ဘာအေးဘုရားလမ်းအတိုင်း (၈)မိုင်မီးပွိုင့်ကိုဖြတ်ကာ ကျိုက်ဝိုင်းဘုရားလမ်းအဝင်ထိပ် မှတ်တိုင်အရောက် အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်းကိုကျော်လွန်၍ စားသောက်ဆိုင် တစ်ဆိုင်ရှေ့ရှိ မောင်ကျော်နိုင်ထွန်း ကွမ်းယာဆိုင်ကို တိုက်မိပြီး ရပ်တန့်သွားခဲ့သည်။

၎င်းယာဉ်ပေါ်ပါ ခရီးသည် ၂၅ ဦးခန့် နာကျင်မှု အနည်းငယ်သာရှိခဲ့ပြီး ပလက်ဖောင်းပေါ် လမ်းလျှောက်လာသူ အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး အနည်းငယ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ရာ အဆိုပါအမျိုးသမီးအား တာဝန်ရှိသူတို့က သုခကမ္ဘာအထူးကုဆေးခန်းမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ကြောင်းနှင့် သက်ဆိုင်ရာက လိုအပ်သည်များ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(၀၁၅)**

# အီရန် တိုက်ကွမ်ဒိုကစားသမား အဇာဒါနီ လိုက်ဝိတ်တန်း၌ ရွှေတံဆိပ်ရရှိ

**တီဟီရန် မေ ၆**

တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ တိုက်ကွမ်ဒိုချန်ပီယံပြိုင်ပွဲတွင် အမျိုးသားလိုက်ဝိတ်တန်းပြိုင်ပွဲ၌ အီရန်တိုက်ကွမ်ဒိုကစားသမား အလီရီဇာနာဆာအဇာဒါနီ(**ယာပုံ**)က ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းဌာနက မေ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရရှိထား**

အဇာဒါနီသည် ထိုင်းနိုင်ငံမှ တိုက်ကွမ်ဒိုကစားသမား ပါတီဝပ်သွန်ဆာလပ်အား ၉ မှတ်-၂ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အီရန်တိုက်ကွမ်ဒိုအသင်းသည် လောလောဆယ်တွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရရှိထားသည်။

အီရန်အသင်းသည် တောင်ကိုရီးယားနိုင်ငံတွင် မေ ၁ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသော ကမ္ဘာ့တိုက်ကွမ်ဒိုပြိုင်ပွဲ၌ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးလေးဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ၄င်းပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ ကျော်မှ တိုက်ကွမ်ဒိုကစားသမားပေါင်း ၁၀၀၀ ခန့် ပါဝင်ဆင်နွှဲလျက်ရှိသည်။ **(အင်တာနက်)**

# ဘီလ်ဖက်မာရသွန်ပြိုင်ပွဲ ကင်ညာမှ ဂျာကော့ချီစီရီ ကမ္ဘာ့စံချိန်တင်



**ဘီလ်ဖက် မေ ၆**

မြောက်အိုင်ယာလန်မြို့တော် ဘီလ်ဖက်၌ ကျင်းပသည့် အမျိုးသားမာရသွန်ပြိုင်ပွဲ၌ ကင်ညာအပြေးသမား ဂျာကော့ချီစီရီ (**ဝဲပုံ**)က ၁၄ မိနစ် ၅၆ စက္ကန့်ဖြင့်ပြေးကာ ကမ္ဘာ့စံချိန်ကိုချိုးနိုင်ခဲ့ကြောင်း မေ ၆ ရက်က သတင်းထုတ်ပြန်သည်။

**စံချိန်တင်ထား**

အကြိမ်(၃၀)မြောက် ဘီလ်ဖက်မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲသူ ၂၁၀၀၀ ခန့် ရှိခဲ့သည်။ ယခုအကြိမ်ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲသူဦးရေမှာ ပြိုင်ပွဲသမိုင်းတစ်လျှောက် အများဆုံးပင်ဖြစ်သည်။ ယခင်က မာရသွန်ပြိုင်ပွဲ စံချိန်တင်ထားသူမှာ မာကီဒိန်းဖြစ်ပြီး ၁၉၈၅ ခုနှစ်က ၁၅ မိနစ် ၅၁ စက္ကန့်ဖြင့်ပြေးကာ ကမ္ဘာ့စံချိန်တင်ထားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကွင်းလယ်ကစားသမား ဂွန်ဇာလက်ဇ် မာဆေးလ်ကလပ်မှ ထွက်ခွာလို

**မာဆေးလ် မေ ၆**

မာဆေးလ်ကလပ်မှ အာဂျင်တီးနားကွင်းလယ်ကစားသမားဂွန်ဇာလက်ဇ်က မိမိသည်လာမည့် ဘောလုံးရာသီ၌ ပြင်သစ်ကလပ် မာဆေးလ်တွင် ကစားရန်မသေချာကြောင်း ၄င်းက မေ ၆ ရက်၌ ထုတ်ဖော်ပြောကြားသည်။

**မူတည်**

မိမိအပါအဝင်ဘောလုံးသမားအချို့မှာ မာဆေးလ်ကလပ်မှနေ၍ လာမည့်နွေရာသီတွင် ပြောင်းရွှေ့ထွက်ခွာရန်ရှိကြောင်း၊ မာဆေးလ်ကလပ်၌ ဆက်လက်ကစားရန်မှာ နည်းပြဒက်ချန့်စ်ပေါ်၌ မူတည်ကြောင်း ဂွန်ဇာလက်ဇ်က ပြောကြားသည်။

**ရောက်ရှိလာ**

အသက် ၃၀ အရွယ်ရှိ ဂွန်ဇာလက်ဇ် (**အောက်ပုံ**)သည် ၂၀၀၉ ခုနှစ်က ပေါ်တိုကလပ်မှ ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် မာဆေးလ်ကလပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မာဆေးလ်နှင့်၄င်း၏ စာချုပ်သက်တမ်းမှာ ၂၀၁၃ ခုနှစ်အထိဖြစ်သည်။ **(အင်တာနက်)**

**မောင်ချစ်ကြည် – ရေးသားသည်**

# အားကစားသတင်းအတိုအထွာ

*◆ မန်ယူတွင် ပုံမှန်ကစားခွင့်မရသည့် တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား ဒါဘီအသင်းနည်းပြ နီဂယ်လ်ကလော့က လာမည့်နွေရာသီတွင် ခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။*

*◆ စပါးတိုက်စစ်မှူးဟောင်းနှင့် ဝက်စ်ဟမ်းတိုက်စစ်မှူး ကနူတေးသည် လာမည့်ဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ စပိန်ကလပ်ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ဆီဗီလာအသင်းက သတင်းထုတ်ပြန်သည်။*

*◆ ဗီလာတိုက်စစ်မှူး အက်ရှ်လေယန်းကို လာမည့်ဘောလုံးရာသီကုန်တွင် ဗီလာနှင့် စာချုပ်သက်တမ်းကုန်ပါက ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် ကမ်းလှမ်းထားကြောင်း ရီးရဲမက်ဒရစ်ကလပ် တာဝန်ရှိသူများက ပြောကြားသည်။*

*◆ လီဗာပူးမှ အက္ကီလာနီအား ဂျူဗင်းတပ်စ်အသင်းသို့ အမြဲတမ်းကစားသမားအဖြစ် ပြောင်းရွှေ့ကစားရန် ဂျူဗင်းတပ်စ်က ကမ်းလှမ်းမှုအပေါ် လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးကိစ္စကို ဆွေးနွေးပြီးပါက သဘောတူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။*

*◆ နော့ဝှစ်အသင်းကို ခြောက်နှစ်ကြာမှ ပရီမီယာလိဂ်သို့ တက်ရောက်နိုင်အောင် ပြန်လည်ကြိုးစားပေးခဲ့သော နည်းပြပေါလ်လမ်းဘတ်အား နော့ဝှစ်ကလပ်နှင့် နော့ဝှစ်မြို့က ဂုဏ်ပြုဆု ချီးမြှင့်ပွဲပြုလုပ်ခဲ့ကြောင်း မေ ၆ ရက်၌ သတင်းထုတ်ပြန်သည်။*

*◆ ဆဲလ်တစ်အသင်းမှ အီဇာဂွီရီအား အင်္ဂလိပ်ထိပ်တန်းကလပ်အသင်းတစ်သင်းက ကမ်းလှမ်းလျက်ရှိရာ ယခုဘောလုံးရာသီကုန်၌ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း၊ အသင်းအမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။*

*◆ မန်ယူနှင့် ဘာစီလိုနာတို့၏ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသည် နည်းပြကြီး ဖာဂူဆန်၏ ဝါနှင့်သမ္ဘာကို စမ်းသပ်မှတ်ကျောက်တင်မည့်ပွဲဖြစ်ကြောင်း မန်ယူကလပ်တာဝန်ရှိသူများက မေ ၆ ရက်၌ ပြောကြားသည်။* (အင်တာနက်)

# မန်ယူနှင့်ချယ်လ်ဆီးကစားမည့်ပွဲ ဒိုင်လူကြီးဟောင်းဝပ်ဝက်ဘ် တာဝန်ယူမည်

*မြင့်မောင်စိုး စုစည်းသည်*

**လန်ဒန် မေ ၆**

မေ ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မန်ယူနှင့် ချယ်လ်ဆီးပွဲစဉ်တွင် ပြီးခဲ့သည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွင်းလယ်ဒိုင်လူကြီး တာဝန်ယူခဲ့သူ ဟောင်းဝပ်ဝက်ဘ်(**အောက်ပုံ**) ကတာဝန်ယူမည်ဖြစ်သည်။

မန်ယူနှင့်ချယ်လ်ဆီးကစားမည့်ပွဲစဉ်သည် ပရီမီယာလိဂ်ဖလားအတွက် အရေးပါသည့်ပြိုင်ပွဲကြီးဖြစ်သည်။ ပြိုင်ပွဲတွင် အနိုင်ရသည့်အသင်းသည် ယခုနှစ်ပရီမီယာလိဂ်ချန်ပီယံလည်းဖြစ်လာနိုင်သည်။

မေ ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ယင်းပြိုင်ပွဲသည် မန်ယူက အိမ်ရှင်အဖြစ် ကစားရမည်ဖြစ်သည်။ သို့သော် ချယ်လ်ဆီးအသင်းက ယင်းပြိုင်ပွဲကို အနိုင်ကစားရန် ပြင်ဆင်ထားသည်။

**တာဝန်ယူ**

ဟောင်းဝပ်ဝက်ဘ်သည် ပြီးခဲ့သည့်နှစ်က တောင်အာဖရိကနိုင်ငံ၌ ကျင်းပခဲ့သည့် စပိန်နှင့်နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သောပွဲတွင် ကွင်းလယ်ဒိုင်လူကြီး တာဝန်ယူခဲ့သူဖြစ်သည်။ ဒိုင်လူကြီးဟောင်းဝပ်ဝက်ဘ်က မန်ယူနှင့်ချယ်လ်ဆီးတို့ ကစားမည့်ပြိုင်ပွဲတွင် စည်းကမ်းနှင့်အညီဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အရေးပါ**

ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းအနိုင်ရခဲ့လျှင် ဂိုးကွာခြားချက်ဖြင့် မန်ယူကို ကျော်ပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိလာနိုင်သည်။ ယင်းပြိုင်ပွဲပြီးလျှင် ပရီမီယာလိဂ်လက်ကျန်နှစ်ပွဲကျန်ရှိမည်ဖြစ်သည်။ ဒိုင်လူကြီးဟောင်းဝပ်ဝက်ဘ်၏ အဆုံးအဖြတ်သည် အလွန်အရေးပါနေသည်။ သို့သော်လည်း ဒိုင်လူကြီးဟောင်းဝပ်ဝက်ဘ်၏ ဆုံးဖြတ်ချက်အများစုကို မန်ယူနည်းပြ ဖာဂူဆန်က စောဒကတက်လေ့ရှိသည်။ **(အင်တာနက်)**

# ဒေါ့မွန်ကွင်းလယ်ကစားသမား ရီးရဲမက်ဒရစ်ခေါ်ယူမည်

**မက်ဒရစ် မေ ၆**

ဘော့ရစ်ရှဒေါ့မွန်ကလပ်မှ တူရကီကစားသမား နူရီဆာဟင်(**ယာပုံ**)အား ရီးရဲမက်ဒရစ်က ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း စပိန်နေ့စဉ်အားကစားသတင်းစာတစ်စောင်က ရေးသားဖော်ပြသည်။

**ချဉ်းကပ်**

အသက် ၂၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား နူရီဆာဟင်အား ရီးရဲမက်ဒရစ်က ယူရို သန်း ၂၀ ဖြင့် စာချုပ်ချုပ်နိုင်ဖွယ်ရှိသည်။ ရီးရဲမက်ဒရစ်အသင်းသည် အက်စ်ပန်ညိုအသင်းမှ တိုက်စစ်မှူး ဂျို့စ်မာရီယာကော်လီဂွျန်ကိုလည်း ခေါ်ယူစာချုပ်ရန် ချဉ်းကပ်လျက်ရှိသည်။

ကော်လီဂွျန်သည် ၂၀၀၈ ခုနှစ်က အက်စ်ပန်ညိုအသင်းသို့ မရောက်မီ ရီးရဲမက်ဒရစ်(ခ)အသင်းတွင် ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**




# အက်ဖ်အေဖလားဗိုလ်လုပွဲ တီဗက်ဇ်ပါဝင်နိုင်ဖွယ်မရှိ

လန်ဒန် မေ ၆

**တိုက်စစ်မှူး ကာလို့စ်တီဗက်ဇ် (ဝဲပုံ)သည် မေ ၁၀ ရက်တွင် စပါးနှင့် ကစားမည့်ပြိုင်ပွဲ၌ ပါဝင်မကစားနိုင်ခဲ့လျှင် မေ ၁၄ ရက်တွင် ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲအတွက် ပါဝင်ကစားနိုင်လိမ့်မည် မဟုတ်ကြောင်း မန်စီးတီးနည်းပြက ပြောကြားသည်။**

**တီဗက်ဇ်သည် ဧပြီလအတွင်း တံကောက်ကြောထိခိုက်ဒဏ်ရာရခဲ့သဖြင့် မန်ယူကိုအနိုင်ရခဲ့သည့် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။ မန်စီးတီးအသင်းသည် မေ ၁၄ ရက်တွင်အက်ဖ်အေဖလားဗိုလ်လုပွဲ အဖြစ် စတုတ်အသင်းနှင့်ကစားရမည် ဖြစ်သည်။**

**မန်စီးတီးအသင်းသည် ၁၉၈၁ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် အက်ဖ်အေဖလားဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။**

(အင်တာနက်)

● *ကျောဖုံးမှ*

ဆေးတက္ကသိုလ်(၁) (ရန်ကုန်)၊ မန္တလေးဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံခြားဘာသာတက္ကသိုလ် (မန္တလေး)၊ အရှေ့ပိုင်းတက္ကသိုလ် (ရန်ကုန်)၊ ဟသ္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ် (မန္တလေး)၊ ကျောက်ဆည်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်(မုံရွာ)၊ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ် (ရန်ကုန်)၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ် (ရန်ကုန်)၊ သမဝါယမကောလိပ် (ရန်ကုန်)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(ရန်ကုန်)တို့မှ အုပ်ချုပ်သူဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လိုက်ပါခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော PRE-SEA DECK RATING TRAINING COURSE သင်တန်းဆင်းပွဲကို မေ ၈ ရက်က အမှတ်(၇) လေးဒေါင့်ကန်လမ်း သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်မြင့်ဦးက သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။** (၁၃၅)

# HND ဘွဲ့သင်တန်းများ ပို့ချမည်

**ရန်ကုန် မေ ၆**

နိုင်ငံတကာအသိအမှတ်ပြု HND (Higher National Diploma) ဘွဲ့သင်တန်းများကို ၂၀၁၁ ဇွန်လ ၁၅ ရက်မှ စတင်ပြီး Myanmar Noble College တွင် ပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**သင်ယူခွင့်ရှိ**

တက္ကသိုလ်ဝင်တန်း (၁၀-တန်း) အောင်မြင်ပြီးသူများနှင့် ဖြေဆိုထားသူများသည် Civil Engineering, Mechanical Engineering, Electrical Engineering, Electronic Engineering, Environmental Civil Engineering, Health & Social Care, Public Health, Web Design နှင့် Information and Communication Technology စသော ဘာသာရပ်များအနက် မိမိနှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်သင်ယူခွင့်ရှိသည်။ သင်တန်းကာလမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအနေဖြင့် နှစ်နှစ်ခွဲကြာ သင်ယူရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့် သင်ယူပြီး (မအောင်မြင်သေး) သူများသည် သုံးနှစ်ကြာ သင်ယူရမည်ဖြစ်သည်။

**စုံစမ်းမေးမြန်းနိုင်**

သင်တန်း တက်ရောက်လိုသူများသည် ဝင်ခွင့်လျှောက်လွှာများကို ဖြည့်စွက်ပြီး ပညာအရည်အချင်း မိတ္တူ၊ Passport အရွယ် ဓာတ်ပုံနှစ်ပုံနှင့်အတူ ပူးတွဲလျှောက်ထားရမည်ဖြစ်သည်။ အသေးစိတ်သိလိုသော အချက်များကို Myanmar Noble College-ကျောင်းသားရေးရာဌာန အမှတ် ၁၀၈ နှင်းဆီလမ်း(အထက်) အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၀၄၇၆၊ ၀၉-၅၁၁၆၄၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# ပေါ်ပေါက်လာသည့် အမှုကိစ္စပြဿနာများ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ထိန်းကျောင်းပေး

**ရန်ကုန် မေ ၆**

ဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူကိစ္စများ၊ မသမာမှုများမရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဥပဒေဝန်ထမ်းများအနေဖြင့် ပေါ်ပေါက်လာသည့် အမှုကိစ္စပြဿနာများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ထိန်းကျောင်းပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေ၊ ဥပဒေနှင့် နည်းဥပဒေများကို ကျေကျေညက်ညက် သိရှိထားရန် လိုအပ်ကြောင်းဖြင့် မေ ၃ ရက် နံနက် ၁၀နာရီခွဲက မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ဥပဒေချုပ်ရုံး၌ ကျင်းပသည့် မွန်ပြည်နယ် ဥပဒေချုပ်ရုံး ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနား၌ တက်ရောက်လာကြသည့် ဥပဒေဝန်ထမ်းများနှင့် တာဝန်ရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နားလေးရောဂါရှာဖွေခြင်းနှင့် ပြန်လည်ထူထောင်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၆**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် မေ ၄ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဓာတ်မှန်ရိုက်ခန်း၊ တီဗွီဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းမကြီးနှင့် အထူးကြပ်မတ် ကုသခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ယင်းဆေးရုံကြီး၌ ကျင်းပသည့် နားလေးရောဂါကာကွယ်ရေးစီမံချက်၊ နားလေးရောဂါရှာဖွေကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း အခမ်းအနားသို့ တက်ရောက်ရာ ပါမောက္ခဒေါက်တာဦးသိန်းထွန်းက စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အီးစိုင်းကုမ္ပဏီလီမိတက်မှ ဒေါက်တာအောင်ကျော်ဦးက ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ ဆေးဝါးနှင့် နားကြပ်ကိရိယာများ ပေးအပ်လှူဒါန်းသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နားရောဂါဝေဒနာရှင်များအား နားကြပ်ကိရိယာများ ပေးအပ်ကာ ဆေးရုံ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မေ ၂ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ICT Development & Application (1/2011) သင်တန်းဖွင့်ပွဲ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် အမှာစကားပြောကြားစဉ်။**

(အခြေခံပညာဦးစီးဌာန)

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဧပြီ၃၀ရက်က မဟာဗန္ဓုလလမ်း ရွှေရုပ်တုအဝိုင်းအနီး မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပန်းပင်များ အစားထိုးစိုက်ပျိုးခြင်းကို ဦးစီးအရာရှိ ဦးဆန်းထွန်း ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ယမဟာပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် မေ ၆**

Thinn Thit Co.,Ltd. မှတင်သွင်းဖြန့်ချိသော YAMAHA Digital Home Theater Components ပစ္စည်းသစ်များ မိတ်ဆက်ပွဲကို မေ ၆ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ Junction မော်တင်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါမိတ်ဆက်ပွဲတွင် Thinn Thit Co., Ltd. မှ အရောင်းမန်နေဂျာ ဖြိုးပြည့်ဇော်က 7.1Speaker System,3D Sound & Vision AV RECEIVER, DESKTOP AUDIO SYSTEM များအကြောင်းကို ရှင်းလင်းမိတ်ဆက်ပြောကြားသည်။ အဆိုပါပစ္စည်းဝယ်ယူသူများအား မေ ၆ ရက်နှင့် ၇ ရက်များတွင် အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိပြီး မိတ်ဆက်ပွဲအပြီး ဝယ်ယူလိုသူများသည် အမှတ်(၂၈၅) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၉၇၀နှင့် ၀၉-၄၉၂-၉၀၈၄၅တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရပ်ကွက်အတွင်းမှကြက်ခြံ ပြောင်းရွှေ့ပေးစေချင်

**စာတည်းခင်ဗျား-**

ပဲခူးမြို့ ဉသျှာမြို့သစ် ရပ်ကွက်ကြီး(၂) မြေတိုင်း(၄)ရပ်ကွက် မဟော်သဓာလမ်းရှိ ခြံဝင်းတစ်ခုတွင် ကြက်များ အများအပြားမွေးမြူထားရာ ပတ်ဝန်းကျင်နေထိုင်သူများနှင့်လမ်းသွားလမ်းလာများမှာ ကြက်ခြံအတွင်းမှထွက်သော အနံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်ရပါသောကြောင့် အဆိုပါကြက်ခြံကို ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### မြန်အောင်ဆိပ်ကမ်းလမ်း သွားလာရေးခက်ခဲနေ

**စာတည်းခင်ဗျား-**

မြန်အောင်မြို့ ဆုတောင်းပြည့်ဘုရားအနီး ဇာခိပင်လမ်း ဆိပ်ကမ်းတွင် မြန်အောင်မှ အောင်လံသို့ထွက်ခွာသည့် ဆန်မော်တော်ကြီးများ ပေါ်သို့ ကားကြီးများဖြင့် ဆန်အိတ်များ လာရောက် တင်ဆောင်နေရာ လမ်းပိတ်ဆို့ပြီး ဈေးသွားဈေးလာများ သွားလာရန် အခက်အခဲဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကူညီကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားများ**

### အဝတ်ဟောင်းအရောင်းဆိုင်များ ပြောင်းရွှေ့ပေးပါ

**စာတည်းရှင့်-**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင် ညဈေးဈေးကြီးလမ်းအောက်ဘက်ရှိ အဝတ်ဟောင်းရောင်းချနေသော ဆိုင်များမှ ရောင်းဝယ်နေသူများ၏ အော်ဟစ်နေသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါအဝတ်ဟောင်း အရောင်းဆိုင်များအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

### သံဖြူလုပ်ငန်းမှ ထုရိုက်သံ နားမခံနိုင်

**စာတည်းခင်ဗျား-**

ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ် တာကလေးရပ်ကွက် အောင်သပြေလမ်းရှိ နေအိမ်တစ်အိမ်တွင် ဆီတိုင်ကီပီပါများကို ထုရိုက်ပြီး သံသေတ္တာနှင့် သံဖြူလုပ်ငန်းလုပ်ကိုင်နေခြင်းကြောင့် ဆူညံကာ ပတ်ဝန်းကျင်နေသူများ နားမခံလောက်အောင် စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အောင်သပြေလမ်းသား**

### မီးတားလမ်းပေါ်မှအိမ်များ ဖယ်ရှားရှင်းလင်းပြီး

၁၁-၁၂-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ခေမာသီ(၃)လမ်းထိပ်ရှိ မီးတားလမ်းပေါ် အိမ်များဆောက်နေ** ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

[illegible]

## ယာဉ်မှတ်ပုံတင်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် စတ/၁၄၀၉ Kenbo ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးလှကျော် ၁/စတန(နိုင်)၀၄၂၃၈၆က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ပြည်နယ်ရုံး)၊ စစ်တွေ။**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဥာဏ ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ ၁ မြေကွက်အမှတ် (၂/၁၆၃)၊ ဧရိယာ ၀ ဒသမ ၃၅၇ ဧက၊ ကာယ ၆လမ်းရှိ မြေကွက်ကို ငယ်စာရင်းအမည်ပေါက် ဦးထွန်းအောင်ဖြူထံမှ ၉-၉-၂၀၁၀ ရက်စွဲပါ အရောင်းအ၀ယ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးဝင်းနိုင်ဦး ၁၂/အစန(နိုင်)၀၂၉၁၁၈က ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။**

## မြန်မာ့မီးရထား

### ဂိုဒေါင်များအား ငှားရမ်းနိုင်ရေးအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ မြို့ဟောင်းဘူတာနယ်မြေ စလေဘုန်းကြီးကျောင်းလမ်းရှိ ဂိုဒေါင်သုံးလုံး အမှတ် (၈၊ ၉၊ ၁၀)တို့ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည် ဖြစ်ပါသည်-

(က) **တင်ဒါခေါ်ယူဆောင်ရွက်မည့်လုပ်ငန်း**
ပစ္စည်းသိုလှောင်ရန်အတွက် ဂိုဒေါင်များငှားရမ်းခြင်းလုပ်ငန်း (မြို့ဟောင်းဘူတာအနီး)

(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်-၃၊ မန္တလေးရုံးခန်း၊ မန္တလေးဘူတာကြီး၊ မန္တလေးမြို့

(ဂ) **ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်**
၁၂-၅-၂၀၁၁ ရက်၊ နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ

(ဃ) **တင်ဒါပိတ်မည့်အချိန်**
မွန်းတည့် ၁၂:၀၀ နာရီတိတိ

(င) **ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်နေရာ**
တိုင်းတာဝန်ခံ၊ တိုင်းအမှတ် (၃) ရုံးခန်း၊ မန္တလေးဘူတာကြီး၊ မန္တလေးမြို့

(စ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်**
၁၂-၅-၂၀၁၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ

(ဆ) **ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်နေရာ**
တိုင်းတာဝန်ခံ၊ တိုင်းအမှတ် (၃) ရုံးခန်း၊ မန္တလေးဘူတာကြီး၊ မန္တလေးမြို့

**မှတ်ချက်။** ။ ချိပ်ပိတ်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၅၀၀၀ကျပ်ဖြင့် ၉-၅-၂၀၁၁ ရက်မှစ၍ ရုံးချိန်အတွင်း မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံးခန်း၊ မန္တလေးဘူတာကြီး၌ ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၂-၆၆၇၆၄၊ ၃၅၀၆၉၊ ၃၅၈၂၉၊ ၃၅၉၈၆။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၂လမ်း၊ မြေတိုင်းရပ်ကွက်(၃၄) I၊ အမှတ်-၁၀၃ ကို ပိုင်ဆိုင်သည်ဟုဆိုသူ ဒေါ်မြင့်မြင့်အေး ၁၂/ဗဟန(နိုင်)၀၅၁၁၄၅ ထံက ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် (အထက်တန်းရှေ့နေ) စဉ်-၂၉၁၉၁**
**အမှတ် ၄၀၅/ခ၊ အောင်သိဒ္ဓိ ၄လမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၁၃၇၀၅။**

## တိုက်ခန်းရောင်းမည်၊ ငှားမည်

- မြေနုလမ်း၊ မဟာမြိုင်ဆေးရုံအနီး (၁၅ပေ×ပေ၆၀) မြေညီထပ်ခိုးပါ
- ဗညားဒလလမ်းမပေါ်၊ ယုဇနပလာဇာအနီး (၂၅ပေ×ပေ၅၀) 4F
- အောင်သပြေလမ်း၊ ယုဇနပလာဇာအနီး (၂၅ပေ×ပေ၅၀) မြေညီထပ်ခိုးပါ

**ဖုန်း-၂၂၅၄၁၅၊ ၀၉-၅၄၁၈၄၄၂။**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ပဲခူးခရိုင်နယ်တရားမရုံးတော်၌**
**၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၇၉**

| | | |
|---|---|---|
| မန်နေဂျာ | နှင့် | ၁။ ဦးသောင်းဌေး |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်သန်းမြ |
| ပဲခူးမြို့ | | |
| **ဒီကရီရသူ** | | **တရားရှုံးများ** |

ပဲခူးခရိုင်နယ်တရားမရုံးတော်က ၂၀၀၈ခုနှစ် တရားမမှုအမှတ်-၂၁၉တွင် စရိတ်များအပါအဝင် ငွေ ၁၂၄၅၇၆၀၁ ကျပ် ၆၄ပြားအတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၁ခုနှစ် ဇွန် ၇ ရက် (၁၃၇၃ခုနှစ် နယုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင်ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်းအထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့ကို တစ်စုံတစ်ရာရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

**ပစ္စည်းစာရင်း**

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်အမှတ် (၁)၊ မြေတိုင်းရပ်ကွက် ၅၊ ဦးပိုင်အမှတ် (၇+၈)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိမြေနှင့် နှစ်ထပ်တိုက်။

**ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။**

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှ ဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်စုံခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်စုံခုအငြင်းအခုံ ဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်း တစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခဲ့စေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၁ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ပိုက်ပိုက်အေး**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး။**

## ရှင်းလင်းပြောကြား

ဧပြီ ၂၉ ရက်က အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးရှင်းလင်းပွဲကို ဆီဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားစဉ်။ (၀၅၅)

## စာပေဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၆**

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲများကို ဧပြီ ၃ ရက်က နေပြည်တော် တောင်ညို ပြည်သူ့အားကစားကွင်း၌လည်းကောင်း၊ ဧပြီ ၄ရက်က နေပြည်တော် မင်းကုန်းအုပ်စု ကျွဲရှင်း ပြည်သူ့အားကစားကွင်း၌လည်းကောင်း ကျင်းပခဲ့သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားများတွင် စာရေးဆရာများဖြစ်ကြသော ကြည်မင်း၊ ထက်ကျော်၊ ဝင်းသူရ၊ မောင်တည်အေး၊ ဦးဘုန်း(ဓာတု)နှင့်ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

ဟောပြောပွဲ အခမ်းအနားတွင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လတ်တလောထွက်ရှိထားသော ""ကျန်းမာပျော်ရွှင် မီးအိမ်ရှင်""စာအုပ် အပါအဝင် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေ ဖြန့်ချိသမျှ စာအုပ်အားလုံးကို လည်းကောင်း၊ စာရေးဆရာများ၏ကိုယ်စား ဦးဘုန်း(ဓာတု)က သုတရသစာအုပ်မျိုးစုံတို့ကိုလည်းကောင်း ကျေးလက်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

ပခုက္ကူမြို့နယ် အနောက်ချောက်ကန်ကျေးရွာရှိ ကျေးရွာ သောက်သုံးရေကန်ကို ဧပြီ ၁၈ ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးစဉ်။ (၁၀၂)

## အကြိမ်(၆၀)မြောက် သွေးလှူဒါန်း

**မိုးကောင်း မေ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဦးမောင်မောင်ကျော် **(အပေါ်ပုံ)**သည် ဧပြီ ၂၆ ရက်က မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အကြိမ်(၆၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များ နတ်မတောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့

နေပြည်တော် မေ ၆

မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အဖွဲ့ဝင်များသည် ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်အတွင်းရှိ ပေ ၁၀၂၀၀ မြင့်သည့် နတ်မတောင်[ခေါ် နျူးသုမ်(ခ)ဝိတိုရိယတောင်]သို့ မင်းတပ်မြို့မှ ခြေကျင်ခရီးဖြင့် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

အဆိုပါ တောင်တက်ခရီးစဉ်တွင် အဖွဲ့ဝင်အင်အား ၃၅၄ ဦး ပါဝင်ပြီး အမျိုးသား ၂၀၁ ဦး၊ အမျိုးသမီး ၁၅၃ ဦး ပါဝင်ကာ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ဝင်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် အားကစားဝါသနာရှင်များ လိုက်ပါခဲ့ကြသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

### မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

စူပါမင်းရုပ်ရှင်မင်းသား ဟင်နရီကာဗယ်နှင့် အမြင့်ခုန်အားကစားမယ် တာကာတို့ စေ့စပ်ပြီ။

(စာ - ၁၀)

မန်ယူနှင့် ချယ်လ်ဆီး ကစားမည့်ပွဲ ဒိုင်လူကြီး ဟောင်းဝပ်ဝက်ဘ် တာဝန်ယူမည်။

(စာ - ၁၁)

ခရီးသည်နှင့် မော်တော်ယာဉ်များ စည်းကမ်းရှိစေချင် သတင်းမှတ်စု။

(စာ - ၇)

7-5 (20).pmd 1 5/7/2011, 1:37 AM